# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၀၅)


## စိတ်နှလုံးစင်ကြယ်ချမ်းသာ

တရားသိသော သူတော်ကောင်းတို့သည် တရားနှင့်ဆိုင်သော ပီတိကိုစားသုံး၍ စိတ်နှလုံးကြည်လင်သန့်ရှင်းပြီး ချမ်းသာစွာနေရ၏။ သူတော်ကောင်းတရား၌လည်း အစဉ်မွေ့လျော်၍နေ၏။ တရား၏အရသာကို ခံစားရသဖြင့် စိတ်နှလုံးသန့်ရှင်းစင်ကြယ်၏။ စိတ်နှလုံးစင်ကြယ်သဖြင့် ချမ်းသာစွာနေရ၏။ ပီတိဟူသမျှတို့တွင် ဓမ္မပီတိသည် အမြတ်ဆုံးဖြစ်၏။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၉)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးကောလိပ်များမှ ဆုရသင်ထောက်ကူပစ္စည်းများနှင့် မှတ်တမ်းမှတ်ရာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ် (သတင်းစဉ်)

# ဆရာ ဆရာမများကိုယ်တိုင်က သင်ယူလိုစိတ်ရှိနေမှသာ တပည့်များကို သင်ယူလိုစိတ်များ မွေးဖွားပေးနိုင်မည်

**နေပြည်တော် ဩဂုတ် ၄**

အနာဂတ်ကာလကောင်းမွန်ရေးသည် ပညာရေးအပေါ်မူတည်နေပြီး ပညာရေးကောင်းမွန်ရေးသည် ဆရာ ဆရာမများအပေါ် မူတည်နေကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို မှတ်ဉာဏ်ကောင်းအောင်သာမက တွေးခေါ် မြော်မြင် ဆင်ခြင်သုံးသပ်သည့် ဉာဏ်ပညာရရှိအောင်သင်ကြားပေးပြီး သင်ယူသူများက နိုင်ငံကောင်းအောင်၊ ကမ္ဘာကြီးကောင်းအောင် ဆောင်ရွက်နိုင်မှုကသာ ဆရာ ဆရာမများ၏ အောင်မြင်မှုကို တိုင်းတာသောစံများဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်၏ ကိုယ်ရေးအကျဉ်း



လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်

မစ္စတာ ဘွန်ညံ ဗိုရာချစ်ကို ၁၉၃၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်ပြည်နယ် သဖန်သောင်မြို့နယ် ဘန်နာရွာ၌ မွေးဖွားခဲ့ပါသည်။

မစ္စတာ ဘွန်ညံ ဗိုရာချစ်သည် ၁၉၈၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆာဗာနာခက်ပြည်နယ်၌ အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဗီယင်ကျန်းမြို့တော် စည်ပင်သာယာရေးနယ်မြေ၌ မြို့တော်ဝန်အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ မြေယာနှင့် သစ်တောစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စသည့် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာ ဘွန်ညံ ဗိုရာချစ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ၂၀၁၆ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ ဒုတိယသမ္မတအဖြစ် လည်းကောင်း အသီးသီး ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

မစ္စတာ ဘွန်ညံ ဗိုရာချစ်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် (၈)ကြိမ်မြောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားညီလာခံ၏ ပထမအကြိမ်

*စာမျက်နှာ ၃ ကော်လံ ၁* ❒

## ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် လူဦးရေ သုံးသောင်းကျော် ပြောင်းရွှေ့ရ

စာမျက်နှာ-၉



## အင်အားပြင်း နီဒါတိုင်ဖွန်း မုန်တိုင်းကြောင့် လူပေါင်း ၄၉၅၀၀၀ ဒုက္ခရောက်

စာမျက်နှာ-၁၀

## အလက်ပို၌ ဆီးရီးယားတပ်မတော်၏ ဝန်းရံပိတ်ဆို့အောင်မြင်မှုက ဆီးရီးယားပဋိပက္ခအခြေအနေကို တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့

စာမျက်နှာ-၁၁




အကောင်းဆုံးသနပ်ခါး။

အပွေးစစ်စစ်မှ ထုတ်လုပ်သည့် ၁၀၀% သနပ်ခါးနှစ်အစွမ်းကြောင့်

လိမ်းရတာလည်းကောင်းတယ်။ ဆွဲရတာလည်းကောင်းတယ်။

ရန်ကလေးကသင်းပြီး အေးမြ၍ နေလောင်ဒဏ်ကို ကာကွယ်ပေးတယ်။

နေ့စဉ်စွဲလိမ်းပါက အသားအရေ ဖြူဝင်းလာတယ်။

PSB Singapore (FDA) MYANMAR (FDA) THAILAND ISO 9001:2008



# ထိုင်းနိုင်ငံနှင့် ဒီမိုကရေစီအလားအလာ

ဩဂုတ်လ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ အခြေခံဥပဒေမူကြမ်းတစ်ခုကို လူထုဆန္ဒခံယူပွဲ ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် လူထုလူတန်းစား အဖွဲ့အစည်းအများစုက ထိုအခြေခံဥပဒေမူကြမ်းကို ဆန့်ကျင်လျက်ရှိကြပြီး ထိုင်းနိုင်ငံအတွက် ဒီမိုကရေစီသာလျှင် အကောင်းဆုံးအဖြေဟု ဆိုကြသည်။ တစ်ဖက်က စစ်ဘက်ခေါင်းဆောင်များကလည်း လူထုကိုနိုင်ငံရေးသမားများ၏စကားကို နားမယောင်ဘဲ ကိုယ်ပိုင်ဆုံးဖြတ်မှုဖြင့် မဲပေးကြရန် တိုက်တွန်းနေသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အဘီဆစ်က "တစ်ကမ္ဘာလုံးမှာရှိသော အခြားနိုင်ငံများကဲ့သို့ပင် လူထုသာလျှင် တိုင်းပြည်ရဲ့အနာဂတ်ကို ဆုံးဖြတ်နိုင်တဲ့အခွင့်အရေးနဲ့ အခန်းကဏ္ဍရှိတယ်ဆိုတာကို ရှောင်လွှဲလို့မရနိုင်ကြောင်း၊ ဒီနေရာမှာ တချို့က ဒီမိုကရေစီဆိုတာကို တန်ဖိုးနှိမ့်ချပြောဆိုနေကြောင်း၊ တိုင်းပြည်၏ ပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိသော၊ ထိတွေ့ကိုင်တွယ်နိုင်ခြင်းမရှိသော အရာအဖြစ် ပြောဆိုနေကြောင်း၊ ဒါပေမယ့် သမိုင်းအတွေ့အကြုံများအရ တိုင်းပြည်တွင်းရှိ ပြဿနာများကို ဖြေရှင်းရန်နှင့် ရှေ့သို့တိုးတက်စေရန်အတွက် လွတ်လပ်ခွင့်အာမခံချက်အပြည့်ရှိသော လူထုပါဝင်မှုဖြင့်သာ ဖြစ်နိုင်ကြောင်း၊ တစ်ဖက်မှာတော့ ကိုယ်ကျိုးအတွက်သာလုပ်နေတဲ့နိုင်ငံရေးသမားများကြောင့် အဂတိတရားများတဲ့ ဒီမိုကရေစီကို တွေ့မြင်ခဲ့ကြရတာဖြစ်ကြောင်း၊ ဒါကြောင့် လူထုကသူတို့ကို အယုံအကြည်မဲ့လာပြီး ဒီမိုကရေစီကိုပါ သံသယဖြစ်လာကြောင်း၊ ဒါပေမယ့် တကယ်ဒီမိုကရေစီရဲ့ ပြဿနာမဟုတ်ဘဲ၊ ဒီမိုကရေစီကိုပုံပျက်အောင်၊ အကျင့်ပျက်ပုံစံမျိုးဖြင့် အကောင်အထည်ဖော် ကျင့်သုံးခြင်းကြောင့်" သာဖြစ်ကြောင်း ပြောဆိုခဲ့သည်။


ကံမကောင်းစွာဘဲ ယခုဖွဲ့စည်းပုံမူကြမ်းသည် အထက်ပါစိန်ခေါ်မှုများကို ဖော်ပြရန် ပျက်ကွက်ခဲ့ပြီး ဗျူရိုကရက်ကြီးစိုးမှုပုံစံဖြင့် အာဏာကို ပြန်လည်နေရာချထားဖို့ လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအကြောင်းကပင် ပြဿနာများ ထပ်မံဖြစ်ပွားလာစေမှာဖြစ်ကြောင်း ပြောသည်။ တကယ်တမ်းမှာ ပြဿနာများနှင့် ဂိုဏ်းကွဲမှုများကို ဒီမိုကရေစီနှင့် တရားမျှတမှုတို့ဖြင့်သာ ဖြေရှင်းရမည်ဖြစ်ပြီး အစိုးရဖွဲ့စည်းပုံအသစ်တွင် ဆီးနိတ်အမတ် ၂၅၀ ကိုတိုက်ရိုက်ခန့်အပ်သောပုံစံဖြင့် ထည့်သွင်းခြင်းက ပြဿနာအသစ်များကို ဖြစ်စေလိမ့်မည်ဟု ထိုင်းနိုင်ငံရေးသမားများက ပြောဆိုနေကြခြင်း ဖြစ်သည်။

ဖြုတ်ချခံရသော ဝန်ကြီးချုပ်ဟောင်းယင်လပ်ရှိနာဝါထရာ၏ ပါတီမှ အဓိကပုဂ္ဂိုလ် ချတ်တူရွန်ချိုင်ဆန်းကလည်း နိုင်ငံရေးသမားများဟာ တိုင်းပြည်ရဲ့ပြဿနာများကို ဖြစ်စေသူများဖြစ်တယ်ဆိုသည့်ပြောဆိုမှုများသည် ဒီမိုကရေစီသို့ ထိုင်းနိုင်ငံ စတင်ကူးပြောင်းချိန်မှစ၍ ပြောခဲ့ကြကြောင်း၊ ဒါသည်အာဏာသိမ်းမှုများအတွက် စောစွာကပင် အကြောင်းပြချက်ဖြစ်ခဲ့ကြောင်း၊ ဒါကိုသူလက်မခံကြောင်း၊ နိုင်ငံရေးသမားများက ပြဿနာမည်မျှပင်ရှိစေ၊ ၎င်းသည်အာဏာသိမ်းမှုတစ်ခုကို တရားဝင်ပြုလုပ်ပေးရန် အကြောင်းပြချက် မဖြစ်သင့်ဟု ယူဆကြောင်း ပြောသည်။ ၎င်းမှာအာဏာသိမ်းဖို့အတွက် လိုအပ်သောတစ်ခုတည်းသော အကြောင်းပြချက်မဟုတ်ဟု ဆိုသည်။

ထိုင်းနိုင်ငံရေးပါတီများပိုမို၍ ဒီမိုကရေစီနည်းကျဖြစ်ဖို့လိုသည်။ ၎င်းတို့သည် အများအားဖြင့် ပါတီထောက်ခံသူများ၊ အလှူရှင်များနှင့် အရင်းရှင်ကြီးများထံမှရသော အလှူငွေများအပေါ် မှီခိုရရာ၊ စီမံခန့်ခွဲမှုမကောင်းလျှင် လူများစု၏ အသံသည်လက်အောက်ခံအဆင့်သို့ ရောက်ရှိသွားပြီး ၎င်း၏ထိန်းကျောင်းနိုင်မှုစွမ်းရည်ကို ကျဆင်းသွားစေသည်ဟု ဆိုကြသည်။ ထိုင်းနိုင်ငံတွင် ရှုပ်နီ၊ ရှုပ်ဝါတိုက်ပွဲသည် အမှန်ပင် ပြင်းထန်ခဲ့သည်။ ထို့ကြောင့်ပင် ရှုပ်စိမ်းက နေရာရသွားသည်ဟု ဆိုကြသည်။

ထိုသို့သော နိုင်ငံရေးအရကွဲပြားမှု၊ အုပ်စုကွဲ၊ ဂိုဏ်းကွဲပြဿနာမျိုးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံထူထောင်ရာတွင် တစ်ဦးအပါအဝင်ဖြစ်သူ ဖက်ဒရယ်လစ်စာတမ်းများရေးသားခဲ့သူ "မက်ဒီဆင်" က လွန်ခဲ့သောနှစ်ပေါင်း ၂၃၀ ကျော်က ရေးသားခဲ့ဖူးသည်။ "သဘောထားကွဲပြားခြင်းများကို ကာကွယ်ရန်တစ်ခုတည်းသောနည်းလမ်းမှာ နိုင်ငံရေးလွတ်လပ်ခွင့်ကို ရုပ်သိမ်းလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ထိုသို့ပြုလုပ်ပါက ရောဂါထက် ကုသနည်းက ပိုမိုဆိုးရွားသော သဘောဖြစ်နေသည်။" ထို့ကြောင့် "မက်ဒီဆင်" က ပြင်းထန်သောသဘောကွဲလွဲမှုများကို ထိန်းချုပ်နိုင်သော နည်းလမ်းများမရှိပါက မည်သည့်အများကြိုက်ဒီမိုကရေစီမှ ရေရှည်ခံမည်မဟုတ်ဟု ဆိုခဲ့သည်။

ယခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသာ အတည်ပြုခဲ့ပါက ထိုင်းဒီမိုကရေစီမှာ တစ်ဆင့်နိမ့်သော၊ အကန့်အသတ်များသော ပုံစံဖြင့်သွားရစရာရှိနေပါသည်။ မက်ဒီဆင်၏ အလိုအရ သွယ်ဝိုက်ကျင့်သုံးထားသော ဒီမိုကရေစီနှင့်ချဲ့ထွင်ထားသော အာဏာအဝန်းအဝိုင်း နှစ်ရပ်လုံးပေါင်းစပ်ဖော်ဆောင်ပေးနိုင်သော ကြံ့ခိုင်အားကောင်းသည့် ဖက်ဒရယ်အစိုးရပုံစံမျိုးနှင့်သာ ပြဿနာများကို ကျော်လွှားနိုင်မည်ဟု ဆိုပါသည်။




## ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖန်းမော် ဩဂုတ် ၄**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ယူနီဆက်ဖ်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အောင်ပြည်သာကျေးရွာနှင့် ခူးလီကျေးရွာတို့တွင် ဂါလန်တစ်ထောင်ဆံ့ရေကန်နှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့် အညီအရည်အသွေး ပြည့်မီစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

### ထင်သာမြင်သာပြုပြင်စရာ

## ပင်းဟင်းခါးတောင် လမ်းပျက်စီးနေ၍ ယာဉ်အသွားအလာများ အန္တရာယ်ရှိနေ



စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပင်းဟင်းခါးတောင်လမ်းမှာ မြေများပြိုကျခြင်း၊ ချိုင့်ခွက်ကြီးဖြစ်ပေါ်ခြင်း၊ ရေတိုက်စား၍ လမ်းမြေများလျော့ကျခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ မိုးများအဆက်မပြတ်ရွာသွန်းခဲ့သောကြောင့် လမ်းဘေးရှိ ရေနုတ်မြောင်းများမှာ တောင်ကျရေများ ကမ်းပါးများမှ လျှောကျလာသောရေများကြောင့် ချောက်ကြီးများဖြစ်ကာ လမ်းကိုတိုက်စားလာခြင်း၊ လမ်းတစ်ဖက်ရှိ တောင်ခြေများသို့ လမ်းမြေများ မိုးရေစီးကြောင်းများနှင့်အတူ လျှောကျလာခြင်းတို့ကြောင့် လမ်းမှာတဖြည်းဖြည်းကျဉ်းမြောင်းလာလျက်ရှိသည်။

"လမ်းခင်းထားတဲ့ကျောက်တွေကိုဖို့ထားတဲ့ သဲမြေတွေက ရေစီးနဲ့မျောပါကုန်တော့ ကျောက်တုံးတွေက ထွက်နေတယ်။ ဆိုင်ကယ်စီးရတာတို့ လမ်းလျှောက်ရတာတို့ အတော်လေးကို ဒုက္ခရောက်ရတယ်။ ကမ်းတစ်ဖက်မှာက ချောက်ကမ်းပါး၊ တစ်ဖက်မှာက တောင်ဆင်ခြေလျှောရေစီးနဲ့ မျောပါကုန်တော့ လမ်းကကျဉ်းသွားပြီး အကာအရံအတားအဆီးလည်းမရှိတော့ ပိုဆိုးတာပေါ့။ ဒါကြောင့် ဒီတောင်ကလမ်းတွေ အများကြီးမပျက်စီးခင် ပြုပြင်ပေးသင့်တယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

လမ်းများပျက်စီးခြင်းသာမက လမ်းပြင်၊ လမ်းချို့ လမ်းခင်းထားသော မြေစာများ၊ ကျောက်တုံးကြီးများကို အကာအရံများ ပြုလုပ်ထားခြင်းမရှိသောကြောင့် မြေစာများ၊ ကျောက်တုံး၊ ကျောက်ခဲကြီးများမှာမိုးရေများ တိုက်စားပြီးတောင်ခြေရှိ ကျေးရွာချင်းဆက်လမ်းများပါ ပျက်စီးနိုင်ကြောင်း သိရသည်။

အဆိုပါ ပင်းဟင်းခါးတောင်လမ်းပိုင်းကို သွားလာနေကြသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ မြစ်နံ့ဘေးနေထိုင်သူများ အန္တရာယ်ကင်းရန်လှုံ့ဆော်

**ချောက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၄၅၀ စင်တီမီတာမှ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီခွဲခန့် ချောက်မြို့ မိုး/ ဇလ တိုင်းထွာချက်အရ ၁၅၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲကျော် ဆက်လက်မြင့်တက်နေသဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့မှ ရေဝင်မြေနှင့်မြစ်နံ့ဘေး နေထိုင်ကြသူများ အန္တရာယ်ကင်းဝေးရေး ရေကင်းလှည့်လည်ပြီး လှုံ့ဆော်ခြင်း၊ အဖွဲ့လိုက်သွားရောက်၍ ရေဝင်ဧရိယာ အိမ်များ ရွှေ့ပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ချောက်မြို့၌ အမှတ် (၁) ရပ်ကွက်အိမ်ထောင်စု ၁၉စု၊ လူဦးရေ ၈၃ ဦး၊ အမှတ်(၂) ရပ်ကွက် အိမ်ထောင်စု ၃၃ စု လူဦးရေ ၁၂၃ ဦး၊ အမှတ် (၃) ရပ်ကွက် အိမ်ထောင်စု ၂၂ စု လူဦးရေ ၆၃ ဦး၊ အမှတ်(၄) ရပ်ကွက် အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၄၀၊ အမှတ်(၇) ရပ်ကွက် အိမ်ထောင်စု ၁၀၉ စု လူဦးရေ ၄၇၀၊ အမှတ် (၈) ရပ်ကွက် အိမ်ထောင်စု ၄၅ စု လူဦးရေ ၂၀၆ ဦး၊ အမှတ် (၉) ရပ်ကွက် အိမ်ထောင်စု ၂စု လူဦးရေ ၅ ဦး၊ အမှတ် (၁၄) ရပ်ကွက် ၁၂ စု လူဦးရေ ၃၃ဦး စုစုပေါင်း အိမ်ထောင်စု ၂၇၄စု လူဦးရေ ၁၁၂၃ ဦးတို့သည် ရပ်ကွက်ဓမ္မာရုံ အမှတ် (၂) ရေနံရိပ်သာ၊ ဇီးတောဆိပ်၊ မြို့နယ်အားကစားကွင်း၊ စားသုံးသူရေးရာဂိုဒေါင်၊ မီးကင်းတဲနေရာများ၌ နေရာချထား၍ နေထိုင်လျက်ရှိကြောင်း သိရသည်။

**မချို(ချောက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၆.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၈၀၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၀၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားကျေးရွာ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။




ပညာရေးဝန်ကြီးဌာန သင်ကြားရေးလုပ်ငန်းတွင် အမျိုးသားဆရာ အင်အားနည်းပါးနေပြီး အမျိုးသမီးဆရာမ အင်အားများနေခြင်းကို စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ဆရာဗဟိုပြုသင်ကြားနည်း၊ ကျောင်းသား ကျောင်းသူ ဗဟိုပြုသင်ကြားနည်း၊ ဗဟုသုတ ဗဟိုပြုသင်ကြားနည်းဟူ၍ သင်ကြားနည်းသုံးမျိုးရှိကြောင်း၊ ဗဟုသုတဗဟိုပြု သင်ကြားနည်းထက် သင်ယူခြင်းကို ဗဟိုပြုသင်ကြားနည်းကပိုမိုအရေးပါ ကျယ်ပြန့်မည် ဖြစ်ကြောင်း၊ သင်ယူခြင်းကို တစ်သက်တာလုံး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးများသည် အမေးအမြန်းထူတတ်ရာ စိတ်ရှည်လက်ရှည်ဖြေကြားပေးရမည်ဖြစ်ကြောင်း၊ ရှေးဟိန္ဒူဒဿနိကအရ ဆရာဝန်၊ မင်း၏ အတိုင်ပင်ခံနှင့် ဆရာများသည် လုံးဝမုသားမပြောရသော ပုဂ္ဂိုလ်များဟု သတ်မှတ်ထားပါကြောင်း၊ တပည့်များကိုသင်ကြားပေးသော ဆရာဆရာမတို့သည် ဘယ်သောအခါမှ မုသားမပြောဆိုကြရဘဲ ဖြောင့်ဖြောင့်မတ်မတ်ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ဆရာဆရာမများသည် တပည့်များကို ရင်သွေးပမာ စေတနာထားကာ ခွဲခြားဆက်ဆံခြင်းမပြုဘဲ စာမတော်သူ၊ စာညံ့သူများကို အထူးဂရုစိုက်သင်ကြား လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏တိုးတက်မှုအတွက် ဆောင်ရွက်ရာတွင်လည်း ဝင်ငွေနည်းသော ပြည်သူများ၏ အခြေအနေကို အလေးထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းသားများ၏ ဦးနှောက်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု (Intelligence Quotient - IQ) သာမက နှလုံးသားဆိုင်ရာဖွံ့ဖြိုးမှု (Emotional Quotient - EQ)များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သိမှုဆိုင်ရာဖွံ့ဖြိုးမှု (Spiritual Quotient-SQ) ကိုလည်း မြှင့်တင်ရန်လိုမလိုကို ဆရာဆရာမများအနေဖြင့် စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင်က သင်ယူလိုစိတ်ရှိနေမှသာတပည့်များကို သင်ယူလိုစိတ်များ မွေးဖွားပေးနိုင်မည်ဖြစ်ကြောင်း၊ မူလတန်းဆရာ ဆရာမများသည် အခြေခံပညာရေးတွင် အရေးပါသူများဖြစ်ကြောင်း၊ ကလေးများကို ကျောင်းနေစအရွယ်မှစ၍ သင်ယူလိုသည့်စိတ်၊ ပညာကိုလေးစားတန်ဖိုးထားသည့်စိတ်များကို လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံတွင် ဆော့ကစားချင်သောကလေးများသည် အလွန်တော်သောကလေးများ ဖြစ်တတ်ကြောင်း၊ ဆော့ကစားချင်သောစိတ်သည် ကမ္ဘာကြီးကို စူးစမ်းလိုသောစိတ် ဖြစ်သဖြင့် ထိုစူးစမ်းလိုသောစိတ်မှသည် သင်ယူလိုချင်သောစိတ်ဖြစ်အောင် ဆရာဆရာမများက ပြုပြင်ပေးကြရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာ ဆရာမများ၏ အခက်အခဲများကို သိရှိပါကြောင်း၊ ပီတိစား၍ဆောင်ရွက်ရမည်ဆိုသည်မှာလည်း လက်တွေ့မကျသဖြင့် ဆရာဆရာမများ၏ လူမှုဘဝပြည့်စုံရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ စာမေးပွဲစနစ်၊ သင်ယူမှုစနစ်များကိုလည်း ပြောင်းလဲဆောင်ရွက်ရမည့်အပြင် ပညာရေး အသုံးစရိတ်များကိုလည်း တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများကိုလည်း ဆရာဆရာမများ၏ စာသင်ပေးခြင်းတန်ဖိုးကို နားလည်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကို အတွေ့အကြုံဖလှယ်ခြင်းနှင့် မတူညီသော အမြင်များကို ညှိနှိုင်းဆောင်ရွက်တတ်ခြင်းက သင်ယူခြင်းဖြစ်သည်ကို သိရှိနားလည်စေပြီး ပညာရှိများ၏ စိတ်နေ သဘောထားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကိုလည်း အမှတ်များများရခြင်း၊ ဂုဏ်ထူးများများထွက်ခြင်းထက် အနာဂတ်မြန်မာနိုင်ငံတော်ကို ကောင်းသထက်ကောင်းအောင် ဘယ်လိုတည်ဆောက်မည်ကပို၍အရေးကြီးကြောင်းကို သိရှိနားလည်အောင် သင်ကြားပေးကြပါရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပညာရေးကောလိပ်များမှ ဆုရသင်ထောက်ကူပစ္စည်းများနှင့် မှတ်တမ်းမှတ်ရာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) ပထမနေ့အစီအစဉ်အရ စာတမ်းဖတ်ပွဲများကို ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သုံးခွမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမျိုးမြင့်၊ အထူးဖိတ်ကြားထားသောပညာရှင်ကြီးများ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ပုံမှန်အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။

မစ္စတာ ဘွန်ညံဗိုရာချစ်သည် မစ္စ ခမ်မွမ်းဂ် ဗိုရာချစ်နှင့် လက်ထပ်ခဲ့ပြီး သား သုံးဦးနှင့် သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၏ ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်၏ ကိုယ်ရေးအကျဉ်း

မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်ကို ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လာအိုနိုင်ငံ ရှီကောင်းဒေသ ပတ်ခ်ခရိုင် ခမ်ဘင်းရွာ၌ မွေးဖွားခဲ့ပါသည်။

မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်သည် လာအိုနိုင်ငံ တပ်မတော်ဆေးပညာကောလိပ်မှ ဘွဲ့ရရှိခဲ့ပါသည်။

မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်သည် ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဆာဗာနာခတ်ဆေးရုံ၌ သူနာပြုအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆာဗာနာခတ်ပြည်နယ် လူငယ်ရေးရာကော်မတီ၏ ဒုတိယ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

## နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်မှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Mr. Mohammad Sufiur Rahman အား ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ရွှေ့ပြောင်းလုပ်သားဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အတွေ့အကြုံဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်မှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အလားတူ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်ခ် အားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား အလုပ်သမားရေးရာကိစ္စရပ်များနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကမ္ဘောဇဘဏ်လီမိတက်၏ ပထမဆုံး နိုင်ငံတကာကိုယ်စားလှယ်ရုံး ထိုင်းတွင်ဖွင့်

**ဗန်ကောက် ဩဂုတ် ၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကမ္ဘောဇဘဏ်လီမိတက်က နိုင်ငံတကာကိုယ်စားလှယ်ရုံးခွဲကို ဩဂုတ် ၃ ရက်က ဖွင့်လှစ်လိုက်ကြောင်း၊ ထိုသို့ ဖွင့်လှစ်လိုက်ခြင်းကြောင့် ကမ္ဘောဇဘဏ်သည် နိုင်ငံတကာသို့ စတင်ထိုးဖောက်နိုင်သည့် မြန်မာ့ပထမဆုံး ပုဂ္ဂလိကဘဏ် ဖြစ်လာကြောင်း သိရသည်။




ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani ဟိုတယ်၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Pisanu Suvanajata၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင် ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်း ခမ်းနှင့် ဒေါ်နန်းခမ်းနောင့်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ထိပ်တန်းအရာရှိကြီးများ၊ ထိုင်းနိုင်ငံပြည်တွင်းဘဏ်များနှင့် နိုင်ငံတကာဘဏ် လုပ်ငန်းများမှ အကြီးအကဲများ၊ ထိုင်းစီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Veerathai Santiprabhob က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ကမ္ဘောဇဘဏ်အား ဗန်ကောက်မြို့၌ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် ယခုနှစ်နှစ်ဦးပိုင်းတွင် ထိုင်းနိုင်ငံဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုချက် လိုင်စင်ထုတ်ပေးခဲ့ပြီး ယခုအခါ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် စာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ အရှေ့တောင်အာရှ (အာဆီယံ) ဒေသနှင့်တကွ နိုင်ငံတကာတွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်း၏ ပထမဆုံး ထိုးဖောက်မှုဖြစ်လာရန်အတွက် ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရာတွင် ကမ္ဘောဇဘဏ်၏ ပထမဆုံးခြေလှမ်းတစ်လှမ်း အောင်မြင်စွာ ပြီးမြောက်ခြင်းဖြစ်သည်။

"ထိုင်းနိုင်ငံမှာရှိနေတဲ့ မြန်မာတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ မြန်မာနိုင်ငံကို ဝင်လာဖို့ စိတ်ဝင်စားနေတဲ့ ထိုင်းစီးပွားရေးလုပ်ငန်းတွေအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေ၊ အကြံဉာဏ်တွေ ပေးသွားဖို့ ကျွန်တော်တို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံ ငွေကြေးဈေးကွက်နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံ အသိပညာတွေကို အားပြုပြီး တိုးတက်နေတဲ့ ကုန်သွယ်ရေးမှာ ထိုင်းစီးပွားရေးလုပ်ငန်းတွေ ပါဝင်လာကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်" ဟု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းချိုက ပြောသည်။

"နှစ်နိုင်ငံကြားမှာ ကာလရှည်ကြာရှိနေခဲ့တဲ့ ချစ်ခင်ရင်းနှီးမှုကြောင့် ဒေသအတွင်းမှာရှိတဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ အများအပြားရှိနေပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ ဦးဆောင်ငွေကြေးအဖွဲ့အစည်းအဖြစ် ရပ်တည်နေခဲ့တာကြာမြင့်ခဲ့ပြီဖြစ်သလို နိုင်ငံတကာဘဏ်လုပ်ငန်းက လုပ်ဖော်ကိုင်ဖက်များနဲ့ရင်ပေါင်တန်းပြီး မြန်မာနိုင်ငံကို ကိုယ်စားပြုသွားဖို့ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် ခန့်မှန်းခြေစုစုပေါင်း သုံးသန်းဝန်းကျင်ရှိ ထိုင်းနိုင်ငံရောက် မြန်မာလူမျိုးများနှင့် ချစ်ကြည်မှုများ ထူထောင်လျက် ၎င်းတို့ မွေးရပ်နိုင်ငံသို့ ပြန်လာသည့်အခါတွင် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်မည့် အခွင့်အလမ်းများကိုလည်း ရှာဖွေစူးစမ်းနိုင်ခဲ့ကြောင်း၊ အဆိုပါကိုယ်စားလှယ်ရုံးခွဲကို ဖွင့်လှစ်နိုင်ရန် ကမ္ဘောဇဘဏ်သည် လိုင်စင်လျှောက်ထားရာတွင် စနစ်ကျသော လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ခဲ့ပြီး ထင်ရှားသိသာသော ပွင့်လင်းမြင်သာမှုကို ပြသခဲ့ကြောင်း ဦးသန်းချိုက ဆက်လက်ပြောကြားသည်။

ကမ္ဘောဇဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများသည် ထိုင်းနိုင်ငံဗဟိုဘဏ်က ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် မလွဲမသွေ ကိုက်ညီကြောင်းပြသရာ၌ ဘဏ်၏ဈေးကွက်အတွင်း အနေအထား၊ အစုရှယ်ယာရှင်များ၏ နောက်ခံအချက်အလက်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ လက်ခံရရှိထားသော ဆုများ၊ ဘဏ်၏ ငွေစာရင်းများ၊ ရင်းနှီးမှုများစသည့် အချက်အလက်များ ပါဝင်ကြောင်း သိရသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များနှင့် စည်းမျဉ်း စည်းကမ်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဝေမျှခြင်း အစရှိသည်တို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ ကမ္ဘောဇဘဏ်၏ နိုင်ငံတကာကိုယ်စားလှယ်ရုံးခွဲ Country Head ဖြစ်သည့် ဦးဇေယျာစိန်ထွဋ်က ပြောသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သဲနိုင်ဦး(မြန်မာစာ)**

# ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်ခ် အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ - ဗြိတိန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြေအောက်အပူကိုအခြေခံသည့် စွမ်းအင်ထုတ်ယူမှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးစိုးမြင့် (ခ) ဦးအောင်ဇော်မြင့်နှင့် Marubeni Corporation မှ Mr.Koji Kuroda အဖွဲ့တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိစေရေးအတွက် မြေအောက်အပူကိုအခြေခံသည့် Geothermal နည်းဖြင့် စွမ်းအင်ထုတ်ယူမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ထင်းအစားထိုးလောင်စာများ တိုးမြှင့်သုံးစွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသ၌ ဂေဟစနစ်ဝန်ဆောင်မှုများ မြှင့်တင်ခြင်းနှင့် ထင်းအစားအခြားလောင်စာများတိုးမြှင့်သုံးစွဲခြင်း၏ အခန်းကဏ္ဍဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်မှ ၅ ရက်အထိ မန္တလေးမြို့၌ နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းဖြင့် သဘာဝတောများအပေါ် မှီခိုမှုလျော့နည်းစေကာ သစ်တောဂေဟစနစ်များ၏ဝန်ဆောင်မှုမြင့်မားလာစေမည့် နည်းလမ်းများဖော်ထုတ်နိုင်ခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝအရင်းအမြစ်တန်ဖိုးများဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ဒေသတွင်းစွမ်းအားမြှင့် မီးဖိုထုတ်လုပ်သုံးစွဲမှုများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဆောင်ရွက်လာနိုင်ခြင်း၊ ဒေသတွင်း ထင်းအစားအခြားလောင်စာအမျိုးမျိုး ပိုမိုသုံးစွဲနိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်ခြင်းနှင့် တိုးမြှင့်သုံးစွဲနိုင်ခြင်းစသည့် အကျိုးရလဒ်များ ထွက်ပေါ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အခြေပြုမူလတန်းစာမေးပွဲ ပြန်လည်ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဇူလိုင် ၁၄ ရက်တွင်ကျင်းပသည့် ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေးက ၁၃၇၈ ခုနှစ် (၂၀၁၇ခုနှစ်) မှစတင်၍ အခြေပြုမူလတန်းစာမေးပွဲကို ပြန်လည်ကျင်းပရန်ဟု ဆုံးဖြတ်တော်မူခဲ့ပြီး ပြဋ္ဌာန်းကျမ်းစာများကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

**ပြဋ္ဌာန်းကျမ်းစာများ**

(က) **ဝိနယ**

(၁) ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသ ခန္ဓကဝတ်ပါဠိ၊ အနက်၊ အဓိပ္ပာယ်

(၂) ဘိက္ခုပါတိမောက် (အစမှ အနိယတုဒ္ဒေသအဆုံးအထိ) ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပာယ်၊ လူနှင့်သီလရှင်များအတွက် သုကုမာရ မဂ္ဂဒီပနီ(လယ်တီ)

(ခ) **ကစ္စည်းသဒ္ဒါကြီး**

ကစ္စည်းသဒ္ဒါကြီးသုတ်စဉ်ပါဠိ(အားလုံး) သန္ဓိ၊ နာမ်၊ အာချာတ်၊ သုတ်နက်၊ ရုပ်တွက်၊ နာမ်ဂိုဏ်း

(ဂ) **အဘိဓမ္မတ္ထသင်္ဂဟ**

စိတ်၊ စေတသိက်၊ ပကိဏ်း၊ ရုပ်၊ သမုစ္စည်း ၅ပိုင်း၊ ပါဠိ၊ အနက်၊ သရုပ်၊ ကျမ်းရင်းအဓိပ္ပာယ်

(ဃ) **တိကမာတိကာ**

ပါဠိ၊ အနက်၊ အရကောက်

**မှတ်ချက်။ ၂၀၁၇ ခုနှစ် စာမေးပွဲအတွက် ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုနိုင်ပါက ဝင်ရောက်ဖြေဆိုခွင့်ပြုရန်**

နိုင်ငံတော်သံဃမဟာနာယက ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ ၁၃၇၈ ခုနှစ်(၂၀၁၇ ခုနှစ်) မှစတင်၍ အခြေပြုမူလတန်းစာမေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းကျမ်းစာများကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ပုံနှိပ်ထုတ်ဝေရေးဌာနခွဲမှ ပုံနှိပ်ရေးဆောင်ရွက်လျက်ရှိပြီး ၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက် (စက်တင်ဘာ ၂၀ ရက်) တွင် စတင်ဝယ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမောင်မောင်လင်း ၎င်း၏ခန့်အပ်လွှာကို အစ္စရေးနိုင်ငံသမ္မတထံ ပေးအပ်ခဲ့ပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၅**

အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမောင်မောင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဂျေရုဆလင်မြို့၌ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရူဗင်ရီ(ဗ)လင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်




**နေပြည်တော် ဩဂုတ် ၄**

တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ရည်မှန်း၍ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သည့်ကာလဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်က ထိုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အပံ့ပြုရန် ဒေသတွင်းတရားရုံးနှင့်ပူးပေါင်း၍ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်းနှင့် ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအသွင်ပြောင်းလဲခြင်းကဏ္ဍတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားရုံးများအပေါ်ပြည်သူလူထု၏စိတ်ချယုံကြည်မှုကို မြှင့်တင်ရန် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်နေသည်ဖြစ်၍ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအားလုံးက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးအလေးထား တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း ၁၀၉၂ မှု လက်ခံရရှိပြီး ၅၄၆ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၅၄၆ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၃၂၉ မှု လက်ခံရရှိပြီး ၁၂၇၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၅၄ မှု ကျန်ရှိကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၁၈၆ မှု လက်ခံရရှိပြီး ၈၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၆ မှု ကျန်ရှိကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း ၅၁၃၆ မှုလက်ခံရရှိပြီး ၂၇၃၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၄၀၃ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၅၄၇၉ မှု လက်ခံရရှိပြီး ၂၆၈၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၉၅ မှု ကျန်ရှိကြောင်း။

**ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၁၁၂၉၀ လက်ခံရရှိပြီး ၆၅၄၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၇၄၇ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၁၆၆၁၁ မှု လက်ခံရရှိပြီး ၅၀၆၇ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၁၅၄၄ မှု ကျန်ရှိကြောင်း။

**မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၁၆၀၃၄၄ မှု လက်ခံရရှိပြီး ၁၁၉၅၂၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၀၈၁၅ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၈၆၇၃ မှု လက်ခံရရှိပြီး ၁၀၀၁၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၈၆၅၈ မှု ကျန်ရှိကြောင်း။

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့် မန္တလေး) တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၅၉ မှု လက်ခံရရှိပြီး ၁၃၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၅ မှု ကျန်ရှိကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၈၈၈၀ မှုလက်ခံရရှိပြီး ၁၈၃၂၆ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၅၅၅ မှု ကျန်ရှိကြောင်း။ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၆၀၁၁၂ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် အမှုများကို စီရင်ဆုံးဖြတ်ရာတွင် ဖြစ်ရပ်မှန်အချက်အလက်များနှင့် အမှုတွင် ခိုင်မာသည့်အချက်အလက်များကို အခြေခံ၍ တည်ဆဲဥပဒေများနှင့်အညီ သမာသမတ်ကျကျ စီရင်ဆုံးဖြတ်ကြရန်နှင့် အမှုများကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ဆွေးနွေးကြသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အသုံးပြုမည့် ရေအမြောက်မော်တော်ယာဉ် သရုပ်ပြမှုကိုကြည့်ရှုစဉ် (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်မည့် အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးတို့ကို အဓိက ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အစိုးရများ အပြောင်းအလဲဖြစ်သည့်အခါတွင် မတည်မငြိမ်မှုဖြစ်တတ်ပြီး ပဋိပက္ခများ ကြုံရတတ်သည်ကို အများအပြား တွေ့မြင်နိုင်ကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၏ သဘောသဘာဝအရလွတ်လပ်မှုနှင့် တည်ငြိမ်အေးချမ်းမှုအကြား၊ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုအကြား၊ ချိန်ခွင်လျှာညီမျှအောင် ထိန်းသိမ်းရန် စိန်ခေါ်မှုများရှိနေကြောင်း၊ မတည်မငြိမ်မှုများကြုံတွေ့လာပြီဆိုပါက အစိုးရ၏ အရေးကြီးသည့် ဌာနဆိုင်ရာများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အချင်းချင်းနားလည်မှုမှာ အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရေးပေါ်အခြေအနေများတွင် ကြိုတင်စီမံထားမှုများ မရှိခဲ့ပါက လက်တွေ့ ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းတရားများကို ဖော်ထုတ်ပြီး Risk Assessment များ ပြုလုပ်ထားရန်လိုကြောင်း၊ အရေးပေါ်ကာလ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲရာတွင် ပြည်သူလူထု ဘေးကင်းလုံခြုံရေးကို အဓိကဦးတည်ချက်အဖြစ် ထားရှိရမည်ဖြစ်ကြောင်း၊ လူထုကို မထိခိုက်စေရန်၊ ဘေးကင်းလုံခြုံရန်အတွက် ဘေးအန္တရာယ်အမျိုးအစားအလိုက် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အစီအမံများ ချမှတ်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်သည့်နေရာတွင် လုံခြုံရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများနှင့် လူထုကိုယ်စားလှယ်များ အားလုံးပူးပေါင်းပါဝင်နိုင်အောင် စီမံပေးကြရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်ကျရောက်မှုအတွက် ကြိုတင်သတင်းရရှိရေးသည် အရေးကြီးပါကြောင်း၊ ရရှိသည့် သတင်းအချက်အလက်များနှင့်ပတ်သက်ပြီး လုံခြုံရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် မီဒီယာများ ပူးပေါင်းဆောင်ရွက်ပြီး အင်တာနက်နည်းပညာအသုံးပြုရသည့် လူမှုကွန်ရက်စာမျက်နှာများနှင့် Website များကို စနစ်တကျ စီမံခန့်ခွဲသွားကြရန်လည်း လိုအပ်သလို မိုဘိုင်းဖုန်းအော်ပရေတာများနှင့်လည်း ကြိုတင်ညှိနှိုင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ဥပဒေနှင့်မညီ သည့် ဆန္ဒပြမှုများ ပေါ်ပေါက်လာပါက ပြဿနာအရင်းအမြစ်ကို ရှာဖွေဖြေရှင်းသည့် Problem-oriented Policing နည်းစနစ် အသုံးပြုဖြေရှင်းဆောင်ရွက်ရန်၊ ဆန္ဒပြမှုများကို အဓိကရုဏ်းအသွင် မရောက်ရှိစေရန်၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူများ၏ အခြေခံလွတ်လပ်ခွင့်များကို မထိခိုက်စေရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး Crowd Management အစီအစဉ်အတိုင်း စနစ်တကျစီမံခန့်ခွဲရေးဆွဲထားပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်လိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အရေးပေါ်ကာလစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူဖျက်ဆီးမှု၊ ဆန္ဒပြမှုနှင့် အခြားဖြစ်ပွားခဲ့မှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ၊ ဆန္ဒပြမှုများဖြစ်ပွားလာပါက ၎င်းအခြေအနေအရပ်ရပ်ပေါ်မူတည်၍ ဥပဒေနှင့်အညီ တားဆီးရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဥပဒေနှင့်မညီသော ဆန္ဒပြမှု ဖြစ်ပေါ်လာပါက ပြည်သူလူထု၏ အခြေခံလွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က အရေးပေါ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ရဲချုပ် ဇော်ဝင်းက အရေးပေါ်ကာလစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် လူစုလူဝေးများအား ကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာနယ်မြေအလိုက် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက စီမံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ အဆိုပါလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ရဲချုပ်နှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်ပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အရေးပေါ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားပြီး ခရိုင်နှင့် မြို့နယ်အဆင့်တို့တွင်လည်း ဆက်လက်ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းအောင်မြင်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရေဘေးကယ်ဆယ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ရေတိုရေရှည် အစီအမံများ မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းစ မိမိတို့နိုင်ငံအနေဖြင့် အရေးပေါ်စီမံခန့်ခွဲမှုမှာ အလွန်အရေးကြီးပါကြောင်း၊ အကောင်းဆုံးကို မျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက အသုံးပြုမည့် ရေအမြောက်မော်တော်ယာဉ် (Water Cannon ) သရုပ်ပြမှုကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

---

### မစ္စတာ ခါလဒ် မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်အား

## မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဩဂုတ် ၅**

မစ္စတာ ခါလဒ် မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ခါလဒ် မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်သည် ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ သင်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တူနီးရှားနိုင်ငံ၊ ၁၉၉၀ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံ၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ ဟိန္ဓိုင်းမြို့ရှိ အီဂျစ်သံရုံးများ၌ လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ အီဂျစ်ကောင်စစ်ဝန်ချုပ်ရုံး၌ လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ အီဂျစ်သံရုံး၌ လည်းကောင်း ရာထူးတာဝန်အဆင့်အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အီဂျစ်ကောင်စစ်ဝန်ချုပ်အဖြစ် လည်း ကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရဝမ်ဒါနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

**(သတင်းစဉ်)**

---



ဩဂုတ် ၄ ရက်က မော်ရိုကိုနိုင်ငံ၏ ဘုရင်ဖြစ်သူ **His Majesty Mohammed VI** နန်းတက်သည့်နှစ် (၁၇)နှစ်မြောက် အခမ်းအနားတက်ရောက်လာသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဇနီးဒေါ်လှလှမူတို့အား မြန်မာနိုင်ငံဆိုင်ရာ မော်ရိုကိုနိုင်ငံသံအမတ်ကြီး **H.E. Mr.Abdelilah EI Housni** ကြိုဆိုနှုတ်ဆက်စဉ်
(သတင်းစဉ်)

● *ကျောဖုံးမှ*

၂၄ အင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၅၂ အင်း၊ ရှမ်းပြည်နယ်တွင် ၁၈ အင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၇၇၇ အင်း စုစုပေါင်း အင်း ၃၇၃၀ ရှိကြောင်း သိရသည်။ ကျန်ရှိနေသည့် အင်းများကိုလည်း အင်းလုပ်ငန်းကာလတစ်လျှောက်လုံး လေလံရောင်းချကာ ခွင့်ပြုပေးလျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အင်းခွန်ရရှိငွေမှာ ကျပ်သန်း ၇၁၂၉ ဒသမ ၄၁၀ဖြစ်ပြီး ၃၀၈၆ အင်းအား လုပ်ကိုင်ခွင့် ပြုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ရေချိုငါးအင်းအများစုသည် မြစ်ကျိုးအင်းများဖြစ်ပြီး တခြားနိုင်ငံများထက် များပြားသည်ကို တွေ့ရပြီး အင်းများရေရှည်တည်တံ့စေရေးနှင့် ရေချိုငါးမျိုးများထိန်းသိမ်းရန် ငါးများပေါက်ပွားချိန်(ငါးရစ်ချိန်)ငါးဖမ်းဆီးခြင်း ရှောင်ရှားရန်၊ ငါးများအား အဆိပ်ချဖမ်းယူခြင်းနှင့် ငါးမျိုးပွားမှုထိခိုက်စေသည့် ဘက်ထရီဖြင့် ရှော့ခ်တိုက်ဖမ်းဆီးခြင်း၊ အင်းများအတွင်း ပိုးသတ်ဆေးအလွန်အကျွံအသုံးပြုခြင်းများကို ရှောင်ရှားကြရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် ဥပဒေ၊ နည်းပဒေများနှင့် ရေချိုငါးအင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာကြရန်လည်း သက်ဆိုင်ရာဒေသအလိုက် ငါးလုပ်ငန်းဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိပြီး ငါးမျိုးစိုက်ထည့်ပေးခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာထွန်းကပြောသည်။ ဆည်တမံများ တည်ဆောက်ရာတွင် ငါးတက်လမ်းများထည့်သွင်း ဖောက်လုပ်ပေးထားမှသာ ငါးများ၏ သွားလာ၊ ပေါက်ပွားရှင်သန်ဖြစ်ထွန်းမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရေငန်ငါးထက် ရေချိုငါးများကို လူကြိုက်များပြီး နိုင်ငံတိုင်းတွင် ဖြစ်ထွန်းမှုနည်းသော်လည်း မြန်မာနိုင်ငံမှ ရေချိုငါးများသည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချကာ နိုင်ငံခြားငွေ နှစ်စဉ်ရှာဖွေပေးရှိလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# စီးပွားရေးပိတ်ဆို့မှုကြောင့် မြောက်ကိုရီးယားအပေါ် မူဝါဒပြောင်းလဲမှု ဖန်တီးနိုင်မှာလား

## လူလေးဝိုင်း

အမေရိကန်နိုင်ငံလိုမဟာအင်အားကြီးနိုင်ငံကို အန်တုပခုံးချင်းယှဉ်တာကတော့ အသာထားလိုက်ပါဦး၊ ကိုယ့်ကိုအဓိကထောက်ပံ့ကာကွယ်ပေးနေတဲ့ တရုတ်နိုင်ငံလို အိမ်နီးချင်းအင်အားကြီးနိုင်ငံကိုတောင် ဂရုမစိုက်သလိုလို ဘာလိုလိုလုပ်နေတဲ့ မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဘာလို့ မအောင်မြင်ရသလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းပါတယ်။ တကယ်တမ်း ပြောရရင် ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ချမှတ်ထားတဲ့စီးပွားရေးပိတ်ဆို့မှုတွေကြောင့် မြောက်ကိုရီးယားနိုင်ငံဟာ အတော့်ကိုအထိနာခဲ့တာပါ။ မြောက်ကိုရီးယား နိုင်ငံရဲ့ အနေအထားဟာ ကမ္ဘာ့စီးပွားရေးစနစ်နဲ့ ကွင်းဆက်ပြတ်သလိုကို ဖြစ်နေခဲ့တာပါ။ ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှုကြောင့် ဘယ်လိုပဲအထိနာနာ မြောက်ကိုရီးယား ကွန်မြူနစ် ကင်နန်းဆက်စနစ်ကတော့ သိပ်ဖြိုပုံမရပါဘူး။ ဒုံးပျံတွေ ဆက်လွှတ်မြဲ လွှတ်နေသေးသလို ကင်နန်းဆက် ပြိုကျမယ့်အရိပ်အယောင်လည်း မတွေ့ရပါဘူး။ မြောက်ကိုရီးယားနိုင်ငံကို ကွန်မြူနစ်နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့တဲ့ ခေါင်းဆောင်ကြီးက ကင်အီဆွန်း (Kim ii Sung) ပါ။ ကင်အီဆွန်းကွယ်လွန်တဲ့အခါ ကွန်မြူနစ်နန်းဆက်ကို သားဖြစ်သူ ကင်ဂျုန်အီး (Kim Jong -il) က ဆက်ခံပါတယ်။ ကင်ဂျုန်အီးကွယ်လွန်တဲ့အခါမှာလည်း ကွန်မြူနစ်နန်းဆက်ကို သားဖြစ်သူ ကင်ဂျုန်အန်း (Kim Jong -un) က ဆက်ခံပါတယ်။ လက်ရှိမှာတော့ မြောက်ကိုရီးယားကွန်မြူနစ်ကင်နန်းဆက်ကို ကင်ဂျုန်အန်းကပဲ ဆက်အုပ်ချုပ်နေတာပါ။ ပြောရရင် ကုလသမဂ္ဂက ချမှတ်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုတွေ၊ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ မြောက်ကိုရီးယားနိုင်ငံအပေါ် ငွေမည်းခဝါချမှုဆိုင်ရာ စိုးရိမ်စရာနိုင်ငံအဖြစ်သတ်မှတ်မှုစတဲ့စတဲ့ အရေးယူမှုတွေဟာ သမိုင်းကိုပြန်ကြည့်လိုက်ရင် အပြင်းထန်ဆုံးအရေးယူမှုတွေပါ။ ဒါပေမယ့် ဘယ်လိုပဲပြင်းထန် ပြင်းထန် မြောက်ကိုရီးယား ကွန်မြူနစ်ကင်နန်းဆက်ကတော့ မဖြိုရေးချမဖြိုဆိုတဲ့ ပုံစံမျိုးကို အပြည့်ဖမ်းထားပါတယ်။

မြောက်ကိုရီးယား ကွန်မြူနစ်ကင်နန်းဆက်က စီးပွားရေးပိတ်ဆို့မှုတွေရဲ့ဖိအားကို အခုလိုဘာလို့တောင့်ခံနိုင်ရတာလဲ။ မြောက်ကိုရီးယား နိုင်ငံအပေါ်ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုတွေက မူလရည်မှန်းထားသလို ရလဒ်တွေမဆောင်ကြဉ်းပေးနိုင်တာက အခြေခံအကြောင်းရင်းနှစ်ချက်ရှိတယ်လို့ယူဆပါတယ်။ မြောက်ကိုရီးယား

> **မြောက်ကိုရီးယားနိုင်ငံအပေါ် ဘဏ္ဍာရေးအရ ပိတ်ဆို့အရေးယူမှုတွေဟာ ထိရောက်သင့်သလောက် ထိရောက်ပေမယ့်လည်း ရည်မှန်းထားတဲ့ထိရောက်မှုမျိုးတော့ မရခဲ့ပါဘူး။ စီးပွားရေးပိတ်ဆို့အရေးယူမှု တစ်ခုတည်းနဲ့ မြောက်ကိုရီးယား ကွန်မြူနစ်ပဒေသရာဇ်စနစ်ရဲ့ မူဝါဒတွေပြောင်းလဲအောင် မစွမ်းဆောင်နိုင်သလို နျူကလီးယားလက်နက်တွေ စွန့်လွှတ်လာအောင် ဖိအားမပေးနိုင်တာကတော့ ရှင်းနေပါပြီ။**




**ကင်အီဆွန်းကနေ ကင်ဂျုန်အန်းအထိ မြောက်ကိုရီးယား ကွန်မြူနစ်ခေါင်းဆောင် အဆက်ဆက်တို့ နျူကလီးယားလက်နက်သုံး ခြိမ်းခြောက်မှုအပေါ် အစွဲအလမ်းကြီးမှုကို သရုပ်ဖော်ထားပုံ**

ကွန်မြူနစ် ကင်နန်းဆက်ဟာ အာဏာရအုပ်ချုပ်သူ လူတန်းစားနဲ့သူနဲ့ ဆက်နွယ်ပတ်သက်ရာအသိုင်းအဝိုင်းကို စီးပွားရေးပိတ်ဆို့မှုရဲ့ဒဏ်ကိုမခံစားရအောင် ခုခံကာကွယ်ပေးထားပါတယ်။ နောက်တစ်ချက်ကတော့ ပြည်တွင်းမှာ မကျေမနပ်ပုန်ကန်လိုတဲ့အနေအထားမျိုးကို ခေါင်းလုံးဝပြူထွက်မလာနိုင်အောင် ဖိနှိပ်ထားတာပါ။ မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေချမှတ်ခဲ့တဲ့ အင်အားကြီးနိုင်ငံတွေရဲ့အတွေးကတော့ စီးပွားရေးပိတ်ဆို့မှုကြောင့် မြောက်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးနဲ့ စစ်ရေးစွမ်းဆောင်ရည်တွေပြိုဆင်းပြီး တစ်ချိန်မှာ ပြည်သူလူထုက မြောက်ကိုရီးယားကွန်မြူနစ်နန်းဆက်အပေါ် ထောက်ခံမှု ရုပ်သိမ်းလာနိုင်တယ်ဆိုတဲ့အတွေးမျိုးပါ။ ဒီအတွေး၊ ဒီရည်ရွယ်ချက်နဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို သေသေချာချာ တွက်ချက်ချမှတ်ခဲ့ပေမယ့် မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့ပါဘူး။ဒီလို မှန်းချက်နဲ့ နှမ်းထွက်မကိုက်အောင် မြောက်ကိုရီးယားကွန်မြူနစ်ခေါင်းဆောင်ကြီးဆောင်ရွက်ခဲ့ပုံ ဆောင်ရွက်နည်းက ရိုးရိုးရှင်းရှင်းလေးပါ။ သူ့ကိုကျားကုတ်ကျားခဲဆက်လက်ထောက်ခံနေတဲ့ အာဏာရအသိုင်းအဝိုင်းကို စီးပွားရေးပိတ်ဆို့မှုဒဏ်တွေ လုံးဝမခံစားရအောင် ကာကွယ်ပေးတယ်။ စီးပွားရေးပိတ်ဆို့မှုရဲ့ဝန်ထုပ်ဝန်ပိုးကို သာမန်ပြည်သူလူထု အပေါ် စုပြုံကျအောင် စီမံခဲ့တာပါ။ ရလဒ်ကတော့ရှင်းပါတယ်။ အာဏာရအသိုင်းအဝိုင်းက ခေါင်းဆောင်ကြီး ကင်ဂျုန်အန်းကို ဆက်လက်ပြီး အခိုင်အမာထောက်ခံနေတာပါ။

ပြောရရင် စီးပွားရေးပိတ်ဆို့မှုချမှတ်ခံခဲ့ရတဲ့ နိုင်ငံတွေထဲမှာ မြောက်ကိုရီးယားနိုင်ငံဟာ ပြည်သူလူထုရဲ့ ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှုကို ရရှိမထားတဲ့နိုင်ငံပါ။ ဒီတော့ မြောက်ကိုရီးယားနိုင်ငံကိုဘယ်သူတွေက ချုပ်ကိုင်ထားတာလဲ။ မြောက်ကိုရီးယား ကွန်မြူနစ်ပါတီ (Korean Workers' Party) ခေါင်းဆောင်တွေ၊ အဆင့်မြင့်စစ်တပ်အရာရှိကြီးတွေနဲ့ ထိပ်သီးဗျူရိုကရက်ကြီးတွေပါ။ ပြောမယ်ဆိုရင်လည်း မြောက်ကိုရီးယား အာဏာရအသိုင်းအဝိုင်းဆိုတာကလည်း မြောက်ကိုရီးယားကွန်မြူနစ်ကင်နန်းဆက်ရဲ့ဆွေတော်မျိုးတော်တွေပါပဲ။ အာဏာရအသိုင်းအဝိုင်းထဲက ဆွေတော်မျိုးတော်မဟုတ်တဲ့သူတွေဆိုတာကလည်း ကင်မျိုးဆက်ရဲ့ကျေးဇူးခံ ကျေးဇူးစားတွေပါပဲ။ ကင်နန်းဆက်ကို ထောက်ခံလို့ရတဲ့ ဆုတော်လာဘ်တော်တွေကလည်း မက်လောက်စရာပါ။ အဆင့်မြင့်ပုဂ္ဂိုလ်တွေဆိုရင် ခမ်းနားတဲ့စံအိမ်တော်တွေရတယ်။ သာမန်အလယ်အလတ်တွေကတော့ ပြုံယမ်းမှာသင့်တော်ရာသင့်တော်ရာ ကွန်ဒိုလိုတိုက်ခန်းကျယ်တွေရတယ်။ သာမန်ပြည်သူတွေ စိတ်ကူးယဉ်လို့မရတဲ့ စားကောင်းသောက်ဖွယ်တွေခံစားပိုင်ခွင့်ရှိတယ်။ ကားကောင်းကြီးတွေ စီးရတယ်။ ခေတ်မီအီလက်ထရွန်နစ် အသုံးအဆောင်တွေ သုံးစွဲခွင့်ရတယ်။ ကဲ ဘာလိုသေးသလဲလို့ပဲ မေးရတော့မှာပါ။ ကျယ်ပြန့်တဲ့လုပ်ပိုင်ခွင့်တွေရဲ့နောက်ကွယ်မှာ တရားမဝင်စီးပွားရှာငွေမည်းစီးဆင်းမှုဆိုတာအမြဲရှိနေတာပါ။ လက်နက်မှောင်ခိုလုပ်တယ်။ အသုံးအဆောင်ပစ္စည်း အတုတွေ လုပ်တယ်။ ငွေစက္ကူအတုလုပ်တယ်။ ပြောရရင် ဒီလို ဒီလို တရားမဝင်လုပ်ငန်းတွေကရတဲ့ ငွေမည်းဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့်ဖြစ်လာတဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ ဝန်ထုပ်ဝန်ပိုးတွေကို လျော့ပါးသက်သာအောင် ခုခံပေးပါတယ်။

မြောက်ကိုရီးယားပြည်သူတွေက ဒီလိုရက်ရက်စက်စက်ဖိနှိပ်မှုကို ကျေကျေနပ်နပ်ကြီးလက်ခံနေတယ်ဆိုတာက ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပါ။ မြောက်ကိုရီးယား ကွန်မြူနစ်ဘုရင်စနစ်က မြောက်ကိုရီးယား လူ့အဖွဲ့အစည်းတစ်ခုလုံးကို နားရွက်တောင်မခတ်ရဲလောက်အောင်ကို အစဉ်အမြဲစောင့်ကြည့်ချုပ်ကိုင်အုပ်ချုပ်ထားတာပါ။ မြောက်ကိုရီးယားကွန်မြူနစ်ဘုရင်စနစ်က လူမြင်ကွင်းမှာသတ်ပစ်တဲ့အထိ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်တယ်။ ညှဉ်းပန်းနှိပ်စက်စစ်ဆေးမှုတွေလုပ်တယ်။ ကြမ်းတမ်းတဲ့အလုပ်စခန်းတွေမှာ နှစ်ရှည်လများထောင်ဒဏ်ချမှတ်တယ်။ စတဲ့စတဲ့ဖိနှိပ်မှုတွေကြောင့် မြောက်ကိုရီးယားပြည်သူတွေအဖို့ ကွန်မြူနစ်ခေါင်းဆောင်တွေကို ဆန့်ကျင်ဖို့ဆိုတာ စိတ်ကူးထဲတောင်ထည့်ဖို့မဖြစ်နိုင်တဲ့ ကိစ္စမျိုးဖြစ်နေပါတယ်။ မြောက်ကိုရီးယားကွန်မြူနစ်ပဒေသရာဇ်စနစ်မှာ ရပ်ကျေးစောင့်ကြည့်စနစ် (Inminbin) ဆိုတာ ရှိပါတယ်။ ဒီရပ်ကျေးစောင့်ကြည့်ရေးအဖွဲ့က ကိုယ့်ရပ်ရွာမှာအစိုးရအပေါ်ဆန့်ကျင်တဲ့လှုပ်ရှားမှု အရိပ်အယောင် တွေ့ရှိ/မရှိကို ၂၄ နာရီမပြတ်စောင့်ကြည့်ကြရပါတယ်။ ဒါကြောင့် စီးပွားရေးပိတ်ဆို့မှုဒဏ်က ဘယ်လိုပဲ ဖိစီးဖိစီး မြောက်ကိုရီးယားပြည်သူတွေအဖို့ အာဏာပိုင်တွေကို အန်တုရင်ဆိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ လက်တွေ့ကျကျပြောရရင် စီးပွားရေးပိတ်ဆို့မှုတွေဟာ မြောက်ကိုရီးယားကွန်မြူနစ်ပဒေသရာဇ်စနစ်ရဲ့ မူဝါဒတွေပြောင်းလဲအောင် မစွမ်းဆောင်နိုင်ခဲ့သလို တစ်ဖက်မှာလည်း ပြည်သူလူထုရဲ့ နဂိုကတည်းက ကျပ်တည်းနေတဲ့ဘဝကို ပိုမိုကျပ်တည်းအောင်ပဲ တွန်းပို့သလို ဖြစ်နေခဲ့ပါတယ်။

ဒီလိုမထိရောက်မှုတွေကြောင့် အင်အားကြီးအနောက်နိုင်ငံတွေက မြောက်ကိုရီးယားနိုင်ငံရဲ့ ဇိမ်ခံပစ္စည်းတင်သွင်းမှုကို ချုပ်ကိုင်ဖို့ ကြိုးစားတယ်။ ဒါလည်းမအောင်မြင်ပါဘူး။ တစ်ခါနျူကလီးယား လက်နက်ထုတ်လုပ်ရာမှာသုံးနိုင်သလို အရပ်ဘက်စက်မှုလုပ်ငန်းတွေမှာလည်း သုံးနိုင်တဲ့ပစ္စည်းမျိုးတွေ မြောက်ကိုရီးယားနိုင်ငံထဲမတင်သွင်းအောင်ကန့်သတ်တားမြစ်ခဲ့ပါတယ်။ ဒါလည်း မအောင်မြင်ခဲ့ပါဘူး။ လက်တွေ့မှာ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုန်အန်းဟာ နျူကလီးယားလက်နက်ထုတ်လုပ်ရေးကြိုးပမ်းမှုတွေကို မစွန့်လွှတ်ခဲ့သလို ဒုံးပျံပစ်လွှတ်စမ်းသပ်တာတွေကိုလည်း မရပ်ဆိုင်းခဲ့ပါဘူး။ မြောက်ကိုရီးယားနိုင်ငံအပေါ် ဘဏ္ဍာရေးအရပိတ်ဆို့အရေးယူမှုတွေဟာ ထိရောက်သင့်သလောက် ထိရောက်ပေမယ့်လည်း ရည်မှန်းထားတဲ့ထိရောက်မှုမျိုးကိုတော့ မရခဲ့ပါဘူး။ စီးပွားရေးပိတ်ဆို့အရေးယူမှုတစ်ခုတည်းနဲ့ မြောက်ကိုရီးယား ကွန်မြူနစ်ပဒေသရာဇ်စနစ်ရဲ့ မူဝါဒတွေပြောင်းလဲအောင် မစွမ်းဆောင်နိုင်သလို နျူကလီးယားလက်နက်တွေ စွန့်လွှတ်လာအောင် ဖိအားမပေးနိုင်တာကတော့ ရှင်းနေပါပြီ။ ပိုပြီးတိတိကျကျပြောရရင်တော့ အနောက်အင်အားကြီးနိုင်ငံတွေချည်းပဲ မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေချမှတ် ဖိအားပေးနေတာကတော့ ဘယ်လိုမူဝါဒ အပြောင်းအလဲကိုမှ ဖန်တီးနိုင်မှာမဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံတွေအကြား အပြန်အလှန် ညှိနှိုင်းတိုင်ပင်ပြီး လက်တွဲညီညီချမှတ်တဲ့ စီးပွားရေးပိတ်ဆို့မှုမျိုးကပဲ မြောက်ကိုရီးယားနိုင်ငံမှာ ရည်မှန်းထားတဲ့မူဝါဒအပြောင်းအလဲတွေ ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်မှာပါ။

# ဝမ်းတွင်းမြို့နယ်၌ လမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ဝမ်းတွင်း ဩဂုတ် ၄**

ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အစီအစဉ်ဖြင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလှိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းနိုင်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ဇူလိုင်လနောက်ဆုံးပတ်က ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ရွှေတွင်းတူးဆည်ရွာ ကျေးရွာအနီးရှိ လျှော်ပင်ကျေးရွာ - ပင်းတလဲကျေးရွာ ကျေးရွာချင်းဆက်လမ်းအား ကျေးရွာနေပြည်သူများနှင့်အတူ လမ်းပြုပြင်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဖြစ် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာအုပ်စု ဘုရားစုကျေးရွာရှိ ရွှေဘုံသာမိုးကောင်း ဆုတောင်းပြည့်ဘုရားကြီးအား ဉာဏ်တော်တစ်ဆင့်မြှင့်တင်ပူဇော်မည့်လုပ်ငန်းခွင်ကို ကျေးရွာနေပြည်သူများနှင့်အတူ လုပ်အားဒါနပါဝင် ကူညီပြုလုပ်ပေးခြင်း ဆောင်ရွက်ခဲ့သည်။

**ဒွေးလှိုင် (ဝမ်းတွင်း)**



# ဆိပ်ဖြူမြို့ မြစ်ရေဝင်ရပ်ကွက်များ၌ လျှပ်စစ်မီးလိုင်းများ ယာယီဖြတ်တောက်ထား

**ဆိပ်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်များမှ နေအိမ်အဆောက်အအုံများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ဩဂုတ် ၃ ရက်တွင် လျှပ်စစ်မီးလိုင်းများ ယာယီဖြတ်တောက်ထားခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းဦးနှင့် ဝန်ထမ်းများက မြစ်ရေဝင်ရောက်လျက်ရှိသည့် ယောဝ၊ အလယ်ပိုင်း၊ အနောက်ပိုင်း ရပ်ကွက်များမှ နေအိမ်များကို ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ရွာသစ်ရပ်ကွက်ရှိ မြစ်ရေဝင်နေအိမ်များကိုလည်းကောင်း၊ မြို့ပေါ်ရပ်ကွက်မှ မြစ်ရေဝင်ရောက်သည့် နေအိမ် ၅၀ ခန့်ကိုလည်းကောင်း လျှပ်စစ်မီးလိုင်းများ ယာယီဖြတ်တောက်ပေးထားသည်။ ဩဂုတ် ၁ ရက်တွင် ချောက်-ဆိပ်ဖြူကားလမ်း အနော်ရထာတံတားထိပ်တွင် ရှားပင်တစ်ပင်သည် ဧရာဝတီမြစ်ရေကြောင့် ၄၀၀ ဗို့အားလိုင်းပေါ်သို့ လဲကျခြင်းဖြစ်ပေါ်ခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ခရီးသွားများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် အဆိုပါသစ်ပင်အား ရှင်းလင်းပေးခဲ့ပြီး မြစ်ရေကြီးချိန်နှင့် မိုးရွာချိန်တို့တွင် ဓာတ်လိုက်ခြင်းအန္တရာယ် မဖြစ်ပေါ်စေရန်၊ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျနေသည်ကို တွေ့ရှိပါက ကိုင်တွယ်ခြင်းမပြုဘဲ လျှပ်စစ်ဌာနသို့ အကြောင်းကြားအသိပေးရန်တို့ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ရန်ကုန်- နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အစီအမံများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

**ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးတွင် လမ်းအသုံးပြုသူများအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေး စည်းရုံးပြောဆိုခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများသည့် Black Spot နေရာများတွင် စောင့်ကြည့်ယာဉ် (Road Patrol) များဖြင့် သတ်မှတ်အရှိန်နှုန်းအတိုင်း မောင်းနှင်ကြရန် စောင့်ကြည့်သတိပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ပြောကြားလိုက်သည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစောနိုင် မေးမြန်းသည့် **ရန်ကုန်- နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများနှင့် ခရီးသည်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း** မေးခွန်းအား ရှင်းလင်းဖြေကြားစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုလက်ရှိအမြန်လမ်းမကြီးသည် တစ်ဖက် နှစ်လမ်းသွားဖြင့် စုစုပေါင်း လေးလမ်းသွား တည်ဆောက်ထားပါကြောင်း၊ နေပြည်တော်- မန္တလေးအပိုင်းတွင် အမာခံ လမ်းပခုံးနှင့် လမ်းလယ်ကျွန်းလမ်းပခုံးများ ထည့်သွင်းတည်ဆောက်ထားသော်လည်း ရန်ကုန်-



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

နေပြည်တော်အပိုင်းတွင် အမာခံလမ်းပခုံးသာရှိပြီး လမ်းလယ်ကျွန်း လမ်းပခုံးများ မရှိခြင်းကြောင့် လမ်းကျဉ်းသကဲ့သို့ ဖြစ်နေပြီး ယာဉ်များကျော်တက်သည့်အခါ အန္တရာယ်များကြောင်း တွေ့ရှိရသည့်အတွက် လမ်းလယ်ကျွန်းပြောင်းလဲတည်ဆောက်ရာတွင် လမ်းပခုံးထည့်သွင်းတည်ဆောက်ရန် အစီအစဉ်ရေးဆွဲထားရှိပါကြောင်း။

ထို့ကြောင့်မိုင်တိုင် ၁၅ မှ ၂၅ အထိနှင့် မိုင်တိုင် ၁၆၃/၁ မှ ၁၇၃/၁ အထိ စုစုပေါင်း မိုင် ၂၀ အား Pilot Project အဖြစ် ဆောင်ရွက်ရန် ရွေးချယ်ထားပြီး ၎င်းနေရာများတွင် မူလလမ်းလယ်ကျွန်းထဲသို့ တစ်ဖက်လျှင် ငါးပေစီ လမ်းသားတိုးချဲ့ကာ လမ်းပခုံးအဖြစ် တည်ဆောက်ခြင်း၊ လမ်းလယ်ကျွန်းအား Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်းရေမြောင်း ထည့်သွင်းတည်ဆောက်ခြင်းနှင့် Road Furniture တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူလလမ်းလယ်ကျွန်း အကျယ်သည် ပေ ၃၀ ရှိ၍ ပြောင်းလဲတည်ဆောက်ပြီးပါက ပေ ၂၀ ကျန်ရှိမည်ဖြစ်ပြီး လမ်းလယ်ကျွန်းရှိ အပင်များမှာလည်း တည်ဆောက်မှုလုပ်ငန်းစဉ်အရ ဖယ်ရှားရခြင်းဖြစ်၍ တည်ဆောက်ပြီးစီးပါက လိုအပ်သလို ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားသော နေရာများဖြစ်သည့် ၂၂ နေရာတွင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ အသက်ကယ်တန်းများ တပ်ဆင်ခြင်း၊ Road Line များ ရေးဆွဲခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်း ရေမြောင်းတည်ဆောက်ခြင်းနှင့် Solar Lamp Post မီးတိုင်များ တပ်ဆင်ခြင်း၊ Road Curve များ ပြန်လည်ပြုပြင်ခြင်း၊ ညဘက်တွင် အန္တရာယ်ကင်းရှင်းစေရန် ရောင်ပြန်ပြားများ တပ်ဆင်ခြင်း၊ အကာအကွယ်တုံးများ ထားရှိခြင်း၊ Rumble Strip များ ရေးဆွဲခြင်း၊ စောင့်ကြည့်ယာဉ်များ ထားရှိခြင်းဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်၏ **မူဆယ်မြို့တွင် မိုင်းယု (၁၀၅) မိုင် ကုန်စည်စစ်ဆေးဂိတ်မှ မန့်ဝိန်း - ဂျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်၏ အောက်ဖက်တစ်နေရာသို့ ဖောက်လုပ်မည့် မူဆယ်မြို့**



တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစောနိုင်

**ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မူဆယ်မြို့ရှောင်လမ်း စတင်ဖောက်လုပ်ရေးအတွက် ကွင်းဆင်းတိုင်းတာမှုများအရ မန္တလေး- လားရှိုး-မူဆယ်-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင် ၂၇၈/၀ မှ စတင်၍ မူဆယ်မြို့အထွက် မိုင် ၂၈၅/၃ လမ်းဆုံအထိ စုစုပေါင်း ဖြတ်ဖောက်ရမည့် မြို့ရှောင်လမ်းသည် ၁၁ မိုင် ရှည်လျားပါကြောင်း၊ အဆိုပါ ရွေးချယ်ထားသော လမ်းအူကြောင်းသည် ဖြစ်နိုင်စွမ်းနှင့် အပျက်အစီးအနည်းဆုံး လမ်းကြောင်းဖြစ်ပြီး လမ်းအူကြောင်းအတွင်း လိုင်ချီး ၃ ဒသမ ၅၅ ဧက၊ သရက် ၀ ဒသမ ၆၇၆ ဧက ၊ မက်ဂဒေးမီးယား ၂ ဒသမ၂၃၂ ဧက၊ ရော်ဘာ၂၂ဧက၊ ကော်ဖီ ၁ ဒသမ ၁၈၁ ဧက၊ လက်ဖက် ၁ ဒသမ ၂၂၃ ဧက၊ ကြံ ၂၂ ဒသမ ၉၀၉ ဧက၊ ပြောင်း ၂၈ ဒသမ ၂၁၂ ဧက၊ ဝါ ၀ ဒသမ ၃၉၁ ဧက၊ ဆူးထင်းရှူး ၅ ဒသမ ၆၇၁ ဧက၊ လယ်ယာ ၂၄ ဒသမ ၅၀၄ ဧက၊ ရေကန်နှစ်ကန်၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းအပါအဝင် အဆောက်အအုံ ၅၄ လုံး ပါဝင်ကာ ယနေ့အချိန်တွင် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် မူဆယ်မြို့ရှောင်လမ်းကို အမြန်ဆုံးဖောက်လုပ်နိုင်ရန် ပြည်သူလူထုနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ တာဝန်ရှိသူများက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏ **ရောဝတီတိုင်းဒေသကြီး အတွင်းရှိ ရောဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစံရွှေဝင်းက ဒေသခံပြည်သူများအနေဖြင့် ၂၀၁၁ ခုနှစ်က ရောဝတီတိုင်းဒေသကြီးလွှတ်တော်ကို တင်ပြခဲ့ဖူးသော်လည်း လွှတ်တော်မှ မှတ်တမ်းသာတင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင်လည်း တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် မြို့လူထုအနေဖြင့် ရောဝတီတိုင်းဒေသကြီး အစိုးရထံ တင်ပြဆောင်ရွက်ခဲ့ဖူးပါကြောင်း၊ သို့ပါသော်လည်း ယနေ့အထိ ထဲထဲဝင်ဝင်ဆောင်ရွက်ခြင်း မရှိသေးပါကြောင်း၊ ထို့အတွက် ထိထိရောက်ရောက် ထဲထဲဝင်ဝင် ဆောင်ရွက်ရေးအတွက် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရောဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသည့် ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း လေးမျက်နှာမြို့နယ်မှ ဦးဇော်မင်းသိန်း၏ အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစိန်မြအေးက ရေဘေးအန္တရာယ်ဟူသည်မှာ မြန်မာ့ကင်ဆာဖြစ်နေသည့် အခြေအနေမျိုးတွင် အဆိုတင်သွင်းခြင်းသည်ပင် နောက်ကျသကဲ့သို့ ဖြစ်နေသည့်အတွက် ယခုနှစ်မမီခဲ့ပါကလည်း ၂၀၁၅ ခုနှစ်ကကဲ့သို့ ဆိုးကျိုးများ လာမည့်နှစ်များတွင် မကြုံရလေအောင်အတွက် လည်းကောင်း၊ ကတိများပေးထားလျှင်လည်း တည်သည်ဟူသော ဂုဏ်သိက္ခာရရှိစေရအောင် အတွက်လည်းကောင်း၊ ရောဝတီတိုင်းအတွင်းရှိ ရေကာတာများသာမက၊ တစ်ပြည်လုံးမှာရှိသည့် ရေဘေးကြုံနိုင်သည့် နေရာဒေသများကို ဘေးဆိုးများ မကြုံရလေအောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ အသေးစိတ်အစီအမံများ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းသည့်အဆိုကို ထောက်ခံကြောင်း တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ပိုမိုကောင်းမွန်ပြီး ရေရှည်အထားခံမည့် အရေးပေါ်သုံး ဆေးသေတ္တာများဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့နိုင်မည့် အရေးပေါ်သုံး ဆေးသေတ္တာများကို ပုံစံအသစ်ဖြင့် ဖြန့်ဝေနိုင်ရေးအတွက် Nippon Foundation နှင့် သဘောတူညီမှုရရှိပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်မည့်ပုံစံကို စနစ်တကျညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ထို့ပြင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ပိုမို၍ကောင်းမွန်သော ကုသမှုပေးနိုင်ရန်အတွက် သောက်ဆေး နှစ်မျိုး၊ စည်းဆေး နှစ်မျိုးနှင့် အနာထည့်ဆေး တစ်မျိုး ထပ်မံထုတ်လုပ်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ **“မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးစက်ရုံနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း”** မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြေကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးဝါးစက်ရုံသည် ၂၀၀၀ ပြည့်နှစ်တွင် တိုင်းရင်းဆေး ၅၇ မျိုး မထုတ်လုပ်နိုင်ခဲ့သော်လည်း လိုအပ်ချက်အလိုက် ၂၇ မျိုးအထိ ထုတ်လုပ်ပေးခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်အလိုက် ဆေးဝါးများကို အများဆုံး ၂၇ မျိုးမှ အနည်းဆုံး ၁၆ မျိုး ထုတ်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်များတွင် ဆေးဝါးအမျိုး ၂၀ ထုတ်လုပ်လျက်ရှိကြောင်း၊ ဘဏ္ဍာနှစ်တစ်ခုချင်းစီတွင် ဆေးဝါးလက်ကျန်၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းစီ၏ လိုအပ်မှုနှင့် ချိန်ဆပြီး ထိန်းညှိထုတ်လုပ်ခြင်းဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးစက်ရုံသည် တိုင်းရင်းဆေးသေတ္တာအတွက် လိုအပ်သောဆေးများနှင့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများအတွက် လိုအပ်သောဆေးများကို မှန်ကန်သော စာရင်းဇယားများရရှိအောင် ဆောင်ရွက်ပြီး ၎င်းစာရင်းဇယားများအပေါ်အခြေခံ၍ စနစ်တကျ တွက်ချက်ထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ဥယျာဉ် ကိုးခုရှိပြီး အဓိကအားဖြင့် မျိုးထိန်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သော ကုန်ကြမ်းအချို့ကို ဥယျာဉ်အချို့မှ ထုတ်လုပ်နိုင်သော်လည်း တစ်ပြည်လုံးရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ကွင်းဆင်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော ကုန်ကြမ်းများကို ဘဏ္ဍာငွေ စနစ်တကျ တောင်းခံပြီး ဝယ်ယူသုံးစွဲလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **“စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဆောက်အအုံများ ဆောက်လုပ်ပေးထားရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်မည့် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများအပါအဝင် အဆောက်အအုံ ၄၆ လုံးနှင့် ရေလွတ်ကုန်းမြင့် ၁၅ ခု ဘေးလွတ်ရာနေရာ စုစုပေါင်း ၆၁ ခုကို သတ်မှတ်ထားခဲ့ပြီးဖြစ်ပါကြောင်း။

ဘေးဒဏ်ခံ အဆောက်အအုံများ ထပ်မံလိုအပ်ပါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစားပေးဆောက်လုပ်လိုသည့် နေရာဒေသနှင့် အဆောက်အအုံ၏ အရွယ်အစား၊ လူဦးရေမည်မျှကို လွှမ်းခြုံပေးနိုင်ရန်စသည့် စိစစ်အကြံပြုချက်တို့အပေါ် မူတည်၍ နိုင်ငံတော်ဘဏ္ဍာငွေမှ တင်ပြဆောင်ရွက်နိုင်ပါက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေသည် အချိန်ကာလကန့်သတ်ချက်အရ အခက်အခဲရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေးဆွဲထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **“ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၄၃ ရွာ၊ မြေဧရိယာ ၈၈ ဒသမ ၂ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၃၄၃၁၀ ခန့်နှင့် အိမ်ခြေ ၅၉၉၈ ခန့်ရှိပြီး ရေလမ်းခရီးကိုသာ အဓိကထားသွားလာရသော နေရာဖြစ်ခြင်း၊ ကျောက်တန်းကျေးရွာသည် ရသေ့တောင်မြို့နယ်တွင် ငှက်ဖျားရောဂါ အများဆုံးဖြစ်ပွားသည့်နေရာ ဖြစ်ခြင်းတို့ကြောင့် ကျောက်တန်းကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပါက တိုက်နယ်ဆေးရုံ စံကိုက်အဆောက်အအုံ ဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ အဆိုပြုတင်ပြတောင်းခံပေးသွားမည် ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ လက်ခံဆွေးနွေးရန် အဆိုတင်သွင်းသည့် **“သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း”** နှင့် **“မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း”** တို့ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# စုံညီခုံရုံးက ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၅)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၄**

ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ "ဝ" ဒီမိုကရက်တစ်ပါတီမှ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ အပေါ် "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောဖီးလစ်၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အပေါ် ဦးစောဖီးလစ်က ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၅/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးက ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးခွန်ထွန်းလူ (ခ) ဦးဒီကီအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ၊ တရားဝင်အတည်ဖြစ်သည်ဟု မူလရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်းနှင့် အယူခံလျှောက်ထားမှုအား စရိတ်နှင့်တကွ ပယ်သည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ အထက(၁) ကျောင်းလွှတ်ချိန်တွင် ဩဂုတ် ၃ ရက် ညနေပိုင်းက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဆောင်ရွက်စဉ်**
သန့်စင်(ပဲခူး)

# ကြံခင်းရှိ ရေကြီးနစ်မြုပ်အိမ်ထောင်စုများအား ရေလွတ်ရာသို့ ပြောင်းရွှေ့

**ကြံခင်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်၌ ဩဂုတ် ၃ ရက်မှစ၍ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး မြို့မရပ်ကွက် (ဆင်ကျွန်း၊ အလယ်ကျွန်း)၊ ရွှေတောင်စုရပ်ကွက် (ဧရာနိုင်၊ကျောက်ပုံ၊ ချောင်းဝ)နှင့် ကျေးရွာအုပ်စုများဖြစ်သောရေလယ်ကျွန်း၊ ထန်းတပင်၊ သောကြာဒူး၊ ဆိပ်သာ၊ တလိုင်းကွင်းတို့မှ ရေဘေးသင့်အိမ်ထောင်စု ၂၇၀ ကျော် လူဦးရေ စုစုပေါင်း ၉၃၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များအား ရေလွတ်ရာသို့ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီပြောင်းရွှေ့သယ်ဆောင်ပေးကြသည်။

ကြံခင်းမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းခုနစ်ခု ဖွင့်လှစ်ထားကြောင်း သိရသည်။

**ငွေမင်း(ကြံခင်း)**

**မိုး ဆက်လက် ပိုနေမည်**

**နေပြည်တော် ဩဂုတ် ၄ -** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# ရေစကြိုမြို့နယ်မှ မြစ်ရေဝင်မြေတော်ရဲစခန်း ရေလွတ်ရာသို့ ရွှေ့ပြောင်းရ

**ရေစကြို ဩဂုတ် ၄**

ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဝင်းသည် ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဖေ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ချိုဦးတို့နှင့်အတူ ဩဂုတ် ၃ ရက်က မြစ်ရေဝင်ရောက်နေသော ရေစကြိုမြို့နယ် မြေတော်ရဲစခန်းအား သွားရောက်စစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ သွားရောက်စစ်ဆေးရာ အိမ်ထောင်သည်လိုင်းများ ရေဝင်နစ်မြုပ်နေ၍ တပ်ဖွဲ့ဝင်မိသားစုများ နေထိုင်ရေး အခက်အခဲကြုံနေကြရကာ စခန်းရုံးအတွင်း ရေများလည်း ဝင်ရောက်နေကာ လက်နက်ခဲယမ်းများ လုံခြုံရေးအတွက် စခန်း၌ အစောင့်နှစ်ဦးထားရှိပြီး ကျန်တပ်ဖွဲ့ဝင် ငါးဦးနှင့် မိသားစုဝင်များ၊ လက်နက်ခဲယမ်းများကို ရေလွတ်ရာ ရေစကြိုမြို့ရဲစခန်းသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**





# စေတုတ္တရာ - ငဖဲကားလမ်းပေါ်ရှိ သစ်မြက်ချောင်းရေကျော် ရေတိုက်စား

**စေတုတ္တရာ ဩဂုတ် ၄**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် စေတုတ္တရာ-ငဖဲကားလမ်းပေါ်ရှိ သစ်မြက်ချောင်းရေကျော်တွင် ချောင်းရေတိုက်စားသဖြင့် လမ်းများပျက်စီးကာ ခရီးသွားယာဉ်များ ခက်ခဲစွာသွားလာနေရသည်။

စေတုတ္တရာမြို့သို့ ဆက်သွယ်သည့် လမ်း နှစ်သွယ်ရှိသည့်အနက် စေတုတ္တရာ-စလင်းကားလမ်းပေါ် ရှိ ပဇာချောင်းတံတားနှင့် ချဉ်းကပ်လမ်းသည် ဇူလိုင် ၃၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားကာ ပြိုကျပျက်စီးပြီး သွားလာမှု အဆက်အသွယ်ပြတ်တောက်ခဲ့ရသည်။ စေတုတ္တရာမြို့သို့ ဆက်သွယ်သည့် စေတုတ္တရာ-ငဖဲ-ပဒါန်း-မင်းဘူး-မကွေး ကားလမ်းတစ်ခုသာကျန်ရှိရာ ယင်းလမ်းမှာ စေတုတ္တရာ-ငဖဲလမ်းအပိုင်းရှိ သစ်မြက်ချောင်း ရေကျော်သည်လည်း ချောင်းရေတိုက်စားသဖြင့် ပျက်စီးနေပြီဖြစ်သောကြောင့် ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းပါက ရေကျော်ပျက်စီးသွားလျှင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်ထွန်းဦး(မင်းဘူး)**

# ကချင်ပြည်နယ်အတွင်း တရားမဝင်တူးဖော်လျက်ရှိသည့် ရွှေဖောင်များ၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ယာဉ်ယန္တရားများသိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတော်၏ ရေ၊ မြေသယံဇာတများအား တရားမဝင်နည်းလမ်းများဖြင့် မိမိတို့၏ ကိုယ်ကျိုးအတွက် ထုတ်ယူသုံးစွဲနေမှုများအား စောင့်ရှောက်ကာကွယ်လျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ ဒွန်ဘန်-ရှုဒူဇွပ်နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် တရားမဝင်တူးဖော်လျက်ရှိသည့် ရွှေဖောင်များ၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ယာဉ်ယန္တရားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့နယ် ရှုဒူဇွပ်ကျေးရွာအနီး ပတ်ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ဇူလိုင် ၂၈ ရက်တွင် တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသော ဘက်ဟိုးယာဉ် ၁၃ စီး၊ ၂၂ ဘီးတွဲယာဉ် သုံးစီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ ရွှေဖောင် နှစ်ခုနှင့် တစ်ဖက်နိုင်ငံသား လေးဦးတို့အားလည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် ဘက်ဟိုးယာဉ် နှစ်စီး၊ ခြောက်ဘီးယာဉ် သုံးစီး၊ ရွှေဖောင် နှစ်ခုအားလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ရွှေဖောင် ငါးခုအားလည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ဘက်ဟိုးယာဉ် နှစ်စီးနှင့် ရွှေဖောင် လေးခုအားလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ၁၀ ဘီးယာဉ် နှစ်စီးအားလည်းကောင်း စုစုပေါင်း တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများ တွင် အသုံးပြုသည့် ဘက်ဟိုးယာဉ် ၁၇ စီး၊ ၂၂ ဘီးတွဲယာဉ် သုံးစီး၊ ၁၀ ဘီးယာဉ် သုံးစီး၊ ခြောက်ဘီးယာဉ် သုံးစီး၊ ရွှေဖောင် ၁၃ ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တစ်ဖက်နိုင်ငံသား ရှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်စဉ် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ရှုဒူဇွပ်ကျေးရွာ၏ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ တရားမဝင် ရွှေတူးဖော်မှုများ ပြုလုပ်နေသည့် ပတ်ဝန်းကျင်၌ KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၁၅ ဦးခန့်နှင့် ထိတွေ့တိုက်ပွဲ နှစ်ကြိမ်၊ အင်အား ၅၀ ခန့်နှင့် ထိတွေ့တိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများ၏ ပြန်လည်တိုက်ခိုက်ချေမှုန်းမှုများကြောင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကာ KIA လက်နက်ကိုင်အဖွဲ့ထံမှ လက်ပစ်ဗုံးများနှင့် အမ်-၂၂ ကျည်များ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ညနေပိုင်းတွင် ဒွန်ဘန်ကျေးရွာနှင့် ရှုဒူဇွပ်ကျေးရွာအကြား လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့မှ အင်အား သုံးဦးခန့်က ဆွဲမိုင်း လေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ကာမိုင်းမြို့နယ် လဝါးကျေးရွာ၏မြောက်ဘက် အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများအား KIA လက်နက်ကိုင်အဖွဲ့ငယ်များက ဆွဲမိုင်းဖြင့် တိုက်ခိုက်ခြင်း၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းတို့ လုပ်ဆောင်ခြင်းကြောင့် ထိမိတိုက်ပွဲဖြစ်ပွားမှု သုံးကြိမ်ဖြစ်ပွားပြီး ယင်းအဖွဲ့များ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အထက်ပါ တရားမဝင်ရွှေတူးဖော်မှုများကြောင့် နိုင်ငံတော်ပိုင် အဖိုးတန်သယံဇာတများ နစ်နာဆုံးရှုံးရသည့်အပြင် စက်ယန္တရားများ အသုံးပြုရွှေတူးဖော်မှုကြောင့် မိုးကောင်းချောင်းပါ တိမ်ကော၍ သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။ တပ်မတော်စစ်ကြောင်းများအနေဖြင့် ယင်းနယ်မြေအတွင်းရှိ တရားမဝင် ရွှေတူးဖော်မှုများ၊ ၎င်းအဖွဲ့များကို စောင့်ရှောက်အကာအကွယ်ပေးနေမှုများအား ဆက်လက် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




**သိမ်းဆည်းရမိသည့် ယာဉ်ယန္တရားများကို တွေ့ရစဉ်**

# ကုန်းမတက်နိုင်ကြသည့် ရေဘေးသင့် အိမ်ထောင်စုဝင်များအား ပစ္စည်းများထောက်ပံ့



**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြေအနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ကမ်းနံဘေး နေထိုင်သည့် ရပ်ကွက်များ ရေနစ်မြုပ်မှုဒဏ် ခံစားနေကြရပြီး တချို့ရေနစ်မြုပ်ရာနေအိမ်များတွင် ရှိနေကြသည်။

စစ်ကိုင်းမြို့ လင်းဇင်းရပ်ကွက်တွင် ဩဂုတ် ၃ ရက် ညနေ ၄ နာရီက ကုန်းမတက်နိုင်ကြသည့် အိမ်ထောင်စုဝင်များကို စစ်ကိုင်းအခြေစိုက် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဦးထွန်းလုအောင် ဦးဆောင်၍ ရပ်ကွက်မှ အကူအညီပေးကြသည့် လှေများဖြင့် ရေသန့်ဘူးကြီးများကို အိမ်အရောက်ပို့ဆောင်ပေးခဲ့ကြသည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တစ်ချိန်တည်း ကုန်းမတက်နိုင်သည့် အိမ်ထောင်စုဝင်များကို စားသောက်စရာများ ဆက်လက်ပေးဝေခဲ့သည်။

လင်းဇင်းရပ်နေထိုင်သူ ကုန်းမတက်နိုင်သူတစ်ဦးက “ဒီလို သိသိသာသာရေဝင်တာ သုံးကြိမ်တော့ ရှိသွားပါပြီ။ တစ်ခါမှ အခုလို ရေသန့်တွေ၊ စားစရာတွေ လာပေးတာမရှိခဲ့ပါဘူး။ လူမှုကွန်ရက်တွေက အဘတို့ရဲ့ဒုက္ခတွေကို အလှူရှင်တွေသိအောင်လုပ်ပေးကြတာလည်း ပါတာပေါ့။ အဘကတော့ ကျေးဇူးတင်သင့်တဲ့သူတွေဖြစ်တဲ့ ဝေဠုကျော်ဖောင်ဒေးရှင်း၊ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာနောက်ပြီး စစ်ကိုင်းသတင်းတွေ အမြဲတမ်းတင်နေတဲ့ စစ်ကိုင်းသတင်း လူမှုကွန်ရက်ကို ကျေးဇူးတင်ပါတယ်” ဟု ပြောပြသည်။

**(ဝဖဖ)**

## ဝေဠုရေကာတာကြံ့ခိုင်မှုအခြေအနေအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကွင်းဆင်းကြည့်ရှု



**ရေကြည် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီအချိန် တိုင်းထွာချက်အရ ၂၉ ဒသမ ၆၅ ပေ စိုးရိမ်ရေမှတ်အထက် ၂ ပေနှင့် ၀ ဒသမ ၆၅ လက်မသို့ ရောက်ရှိနေပြီး နံနက် ၉ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဘဟိန်း၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများမှ ငါးသိုင်းချောင်းမြို့ ဆည်မြောင်းဧည့်ရိပ်သာ၌ မြို့နယ်အဆင့်၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ လက်ရှိဒေသ မြစ်ရေအခြေအနေနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လတ်တလော မြစ်ရေကြီးမှုအတွက် သက်ဆိုင်ရာ ဒေသခံအဖွဲ့အစည်း အင်အားစုတစ်ခု အမြန်ဆုံးဖွဲ့စည်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ငဝန်ရေကာတာနှစ်စဉ် ရေကာတာကြံ့ခိုင်မှုကောင်းမွန်ရေးအတွက် ရေရှည်ဆက်လက်ဆောင်ရွက်သင့်သည့် နည်းလမ်းများအား ဝိုင်းဝန်း၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ အခြေအနေမှာ လက်ရှိရေမှတ်တွင် ကြံ့ခိုင်မှုကောင်းမွန်နေဆဲဖြစ်ပြီး ဒေသခံများမှာလည်း ပုံမှန်ဆက်သွယ်သွားလာလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေများ စိုးရိမ်ရေမှတ်အထက်ကျော်လွန် တိုးမြင့်လာခြင်းကြောင့် ရေဘေးကယ်ဆယ်ရေစခန်းများတွင် ရေဘေးရှောင်ပြည်သူများ ပြောင်းရွှေ့လာရာ နေထိုင်ရာနေရာအခက်အခဲများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် အခက်အခဲမရှိစေရန် ရေစကြိုမြို့နယ် ဖြူစင်လူမှုကူညီရေးအသင်း၏ပံ့ပိုးကူညီပေးမှုဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ယာယီနေထိုင်ရန် ဩဂုတ် ၃ ရက်က တဲများ၊ အိမ်သာများကို ရေဘေး ကယ်ဆယ်ရေးစခန်းများတွင် လိုက်လံဆောက်လုပ်ပေးနေစဉ်
(မြို့နယ် ပြန်/ဆက်)

## ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ဟင်္သာတမြို့နယ်တွင် လယ်သမားတာကျိုးပေါက်

**ဟင်္သာတ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အင်္ဂရမ်းကျေးရွာအုပ်စု သပြုဆိပ်-ဂျောင်းစိန် လယ်သမားတာတွင် ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ငဝန်မြစ်ရေမြင့်တက်ပြီး တာကို ရေကျော်ကာ ရေတိုက်စားမှုကြောင့် အလျားပေ ၃၀ ခန့် ကျိုးပေါက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မြစ်ရေဝင်ရောက်မှု ကြောင့် သပြုဆိပ်-ဂျောင်းစိန် လယ်သမားတာဝိုင်းအတွင်းရှိ တောင်သူ ၇၁ ဦး စိုက်ပျိုးထားသော စပါးစိုက်ဧက ၂၇၁ ဧက ရေနစ်မြုပ်ခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ဆုံးရှုံးမှုမရှိကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါလယ်သမားတာသည် ကျေးရွာနေတောင်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ယခင်နှစ် ဩဂုတ်လအတွင်းက ကျိုးပေါက်ခဲ့သောနေရာကို တာတမံ မွမ်းမံခြင်း၊ တာပြင်ခြင်းများ ဆောင်ရွက်ထားသော နေရာဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**ကလေး ဩဂုတ် ၄**

ကလေးမြို့နယ်ရှိ ပြင်သာမြစ်ရေသည် ရေအမှတ် ၉၅၆ တွင်ရှိနေပြီး ဖောင်ကူးတွင် ချောင်းရေသည် တစ်နာရီလျှင် တစ်လက်မနှုန်းတက်နေလျက်ရှိရာ ယခုအချိန်တွင် ချောင်းရေသည် ကမ်းလုံးပြည့်အနေအထားသို့ရောက်ရှိလာပြီဖြစ်၍ ကလေးခရိုင်အုပ်ချုပ်ရေးအဖွဲ့က ရေဘေးအန္တရာယ်မှ ကူညီဆောင်ရွက်နိုင်ရန် ကားများအရန်သင့်စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ ဆည်မြောင်းဌာနမှကားများဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးမည်ဖြစ်ရာ လိုအပ်လာပါက ကလေးတပ်နယ်မှ တပ်ကားများဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ကလေးမြို့နယ် ဖောင်ကူးကျေးရွာဟောင်းအတွင်း ရေအမြင့် မြေပြင်အထက်နှစ်ပေခွဲရောက်ရှိလျှင် စတင်ရွှေ့ပြောင်းပေးမည်ဖြစ်ကာ ဖောင်ကူးရွာဟောင်းရှိ ရေဘေးသင့်ပြည်သူများအား တောင်ဖီလာရပ်ကွက် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းသို့ ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းရှိ တောင်ဖီလာကယ်ဆယ်ရေးစခန်းတာဝန်ယူဆောင်ရွက်မည့်ဌာနမှာ မြန်မာတိုင်းရင်းဆေးဦးစီးဌာနက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် လူဦးရေသုံးသောင်းကျော်ပြောင်းရွှေ့ရ

**ပခုက္ကူ ဩဂုတ် ၄**

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၃ ရက်အထိ လူဦးရေ သုံးသောင်းကျော်ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက် ၆ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုမှ အိမ်ခြေ ၈၁၆၂ အိမ်၊ အိမ်ထောင်စု ၈၃၁၆စု၊ လူဦးရေ ကျား ၁၇၇၅၆ ဦး၊ မ ၁၉၈၈၄ ဦး စုစုပေါင်း လူဦးရေ ၃၇၆၄၀ နှင့် ကျွဲ ၈၁ ကောင်၊ နွား ၁၀၁၄၂ ကောင်၊ ဝက် ၂၁၇၄ ကောင်၊ ကြက် ၁၇၉၇ ကောင်၊ သိုး ၂၆၃ကောင်၊ ဆိတ် ၁၃၃၃ ကောင်တို့အား ပြောင်းရွှေ့ခဲ့ရပြီး ရေလွတ်ရာစုရပ်အသီးသီးတွင် နေရာချထားပေးလျက်ရှိကြောင်း သိရသည်။ အခြေခံပညာကျောင်း ၅၂ ကျောင်းမှာလည်း အနိမ့်ဆုံး တစ်ပေခွဲမှ အမြင့်ဆုံး ငါးပေခန့်အထိ ရေဝင်ရောက်လျက်ရှိသဖြင့် ယာယီပိတ်ထားရလျက်ရှိသည်။ ရေဝင်ရောက်ရာရပ်ကွက်/ကျေးရွာများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်နှင့်မြို့နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီဝင်များ၊ ဒေသခံတပ်ရင်း၊ တပ်ဖွဲ့များ၊ ဝေဠုကျော်ဖောင်ဒေးရှင်းရေအလှူတော်အဖွဲ့၊ အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့နှင့် ဒေသခံလူမှုကူညီရေး အဖွဲ့များက သောက်ရေနှင့် လိုအပ်သည်များလိုက်လံကူညီလျက်ရှိကြောင်း သိရသည်။ တပ်ရင်းတပ်ဖွဲ့များမှ ရေဘေးရှောင်စုရပ်နေရာအနီးတစ်ဝိုက်တွင် ယာယီဆေးခန်းဖွင့်၍ ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုပေးခြင်းနှင့် သယ်ယူပြောင်းရွှေ့ရန် လိုအပ်ပါက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဌာနကလည်း ရေဝင်ဒေသများတွင် အခမဲ့ဆေးကုသပေးလျက်ရှိသည်။ ပခုက္ကူခရိုင်အတွင်း မြစ်ရေဝင်ရောက်သည့် ပခုက္ကူ၊ ရေစကြို၊ ဆိပ်ဖြူမြို့နယ်သုံးမြို့နယ်တွင် လူဦးရေ ၅၀၉၆၅ ဦးနှင့် တိရစ္ဆာန်ကောင်ရေ ၂၀၁၄၉ ကောင်အား ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**ကိုဇော်(ခတု)**






# အင်အားပြင်း နီဒါတိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၄၉၅၀၀၀ ဒုက္ခရောက်

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံတွင် အင်အားပြင်းနီဒါတိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၄၉၅၀၀၀ ဘေးဒုက္ခခံစားခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ တိုင်ဖွန်းနီဒါသည် တရုတ်နိုင်ငံ ကွမ်တုံ၊ ကွမ်ရှီး၊ ကွေကျို၊ ယူနန်နှင့် အခြားပြည်နယ်မြို့များကို ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် လူပေါင်း ၂၁၀၀ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

အိမ်ပေါင်း ၃၀၀ကျော်ဆုံးရှုံးခဲ့ပြီး လူ ၂၄၀၀ မှာလည်း နီဒါမုန်တိုင်းကြောင့် ပျက်စီးခဲ့ကာ လယ်ယာမြေဟက်တာ ၂၇၀၀ လုံးဝရေနစ်မြုပ်ပျက်စီးသွားကြောင်း သိရသည်။ နီဒါမုန်တိုင်းကြောင့် စီးပွားရေးအရ ယွမ်သန်းပေါင်း ၅၁၀ ခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လန်ဒန်မြို့ ရပ်ဆဲလ်ရင်ပြင်၌ ဓားကိုင်တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

**လန်ဒန် ဩဂုတ် ၄**

လန်ဒန်မြို့လယ်ကောင်ရှိ ရပ်ဆဲလ်ရင်ပြင်၌ ဓားဖြင့်တိုက်ခိုက်ခံရမှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးကာ လူငါးဦး ထိခိုက်ဒဏ်ရာရရှိမှု ကြာသပတေးနေ့က ဖြစ်ပွားခဲ့သည်။

ဓားကိုင်တိုက်ခိုက်သူကို ည ၁၀ နာရီ ၃၉ မိနစ်တွင် ဖမ်းဆီးခဲ့သည်။ အဆိုပါဖြစ်ရပ်တွင်တိုက်ခိုက်သူမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုရှိနိုင်ကြောင်း လန်ဒန်ရဲအဖွဲ့က ပြောသည်။

ကျန်အမျိုးသမီးနှစ်ဦးနှင့် အမျိုးသား သုံးဦးမှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း စကော့တလန်ရဲဌာနက အတည်ပြုပြောကြားခဲ့သည်။ ဒဏ်ရာအပြင်းအထန်ရရှိသည့်အမျိုးသမီးမှာ စက္ကန့် ၆၀ အတွင်း အဆိုပါဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည်။



ရပ်ဆဲလ်ရင်ပြင်အနီး၌ နေထိုင်သူ ပေါ်အိုဂီဘီနိုက်က လက်နက်ကိုင် ရဲတပ်ဖွဲ့များ အများအပြားစုဝေးလျက် အမျိုးသမီးတစ်ဦး၏ အလောင်းကို ရင်ပြင်၌တွေ့ရှိခဲ့ရကြောင်း ပြောခဲ့သည်။ **(ဘီဘီစီ)**

# စင်ကာပူတွင် မောင်းသူမဲ့တက္ကစီ ဝန်ဆောင်မှုစတင်စမ်းသပ်

**စင်ကာပူ ဩဂုတ် ၄**

ယူကေအခြေစိုက် လျှပ်စစ်ကားကုမ္ပဏီမှတင်သွင်းသော ဒယ်ဖီမောင်းသူမဲ့ တက္ကစီကားများကို နောက်နှစ်တွင် စင်ကာပူ ပြည်သူများစတင် စီးနင်းရတော့မည်ဖြစ်ကြောင်း အာဏာပိုင်များက တနင်္လာနေ့တွင် အသိပေးလိုက်သည်။ လာမည့် ၂၀၂၂ ခုနှစ်တွင် အော်တိုတက္ကစီဝန်ဆောင်မှု အပြည့်အဝအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ကနဦးတွင် အရေးပေါ်အခြေအနေတစ်ခုနှင့်ကြုံတွေ့လာပါက အော်တိုကားများ၌ ယာဉ်မောင်းများနှင့် မောင်းနှင်ရန်စီစဉ်ထားသော်လည်း လာမည့် ၂၀၁၉ခုနှစ်တွင် မောင်းမည့်သူမရှိသည့် အခက်အခဲကိုကြုံတွေ့နိုင်ကြောင်း သိရသည်။

တိုးမြှင့်လာသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန်အတွက် စင်ကာပူနိုင်ငံသည် အော်တိုကားများကို စစ်တမ်းကောက်ယူမှုများ ၂၀၁၄ခုနှစ်ကတည်းက ပြုလုပ်ခဲ့ကြောင်းသိရသည်။ အကယ်၍ ထိုစနစ်သာ အမှန်တကယ် အကောင်အထည်ဖော်နိုင်မည်ဆိုပါက ယင်းစနစ်ကို သုံးစွဲရန် စိတ်လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ယူကရိန်းမှတစ်ဆင့် ရုရှား၏ သဘာဝဓာတ်ငွေ့ပို့ဆောင်မှု ၂၁ ရာခိုင်နှုန်းတိုးတက်လာ

**ကီယက်ဗ် ဩဂုတ် ၄**

ယူကရိန်းမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ရုရှား၏ သဘာဝဓာတ်ငွေ့ပို့ဆောင်မှုသည် ၂၀၁၆ ခုနှစ်၏ ပထမခုနှစ်လပတ်အတွင်း ၂၁ ရာခိုင်နှုန်းထိ တိုးတက်ကာ ၄၃ ဒသမ ၂ ဘီလီယံကုဗမီတာအထိရှိလာကြောင်း အစိုးရစာရင်းအင်းအချက်အလက်များက ဖော်ပြခဲ့သည်။

ယူကရိန်းမှတစ်ဆင့် ဓာတ်ငွေ့သယ်ယူပို့ဆောင်မှုကို စာချုပ်ပါသဘောတူညီချက်များနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယူကရိန်းနိုင်ငံပိုင် UKrtransgaz ကုမ္ပဏီက ပြောကြားခဲ့သည်။ ဓာတ်ငွေ့ပို့ဆောင်မှုသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လနှင့်စာလျှင် ယခုနှစ်ဇူလိုင်လအတွင်း၌ ၁၇ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့ကို ယူကရိန်းသဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများမှတစ်ဆင့် ဥရောပမှ ဝယ်ယူသူများထံသို့ ကျူဘစ်မီတာ ၁၆၄ ဒသမ ၁ သန်းခန့် နေ့စဉ်နေ့တိုင်း တင်ပို့နေကြောင်း ကုမ္ပဏီက ပြောသည်။

ဇန်နဝါရီလအတွင်းက ယူကရိန်းသည် ၎င်း၏ပိုင်နက်နယ်မြေမှတစ်ဆင့် ဓာတ်ငွေ့သယ်ယူပို့ဆောင်မှုအတွက် အခွန်အခကို ၁၀၀ ကီလိုမီတာလျှင် အမေရိကန်ငွေကြေး ၄ ဒသမ ၅ ဒေါ်လာသို့ ၆၇ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံခဲ့သည်။

**(ဆင်ဟွာ)**

# ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးကို လူ၌ စမ်းသပ်မည်

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်အစိုးရသည် ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးကိုလူသားများတွင် ပထမဦးဆုံးစမ်းသပ်မည်ဟု အမျိုးသားကျန်းမာရေးအင်စတီကျုစ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရောဂါကူးစက်ခံရမှုနှင့် ဓာတ်မတည့်မှု လေ့လာရေးအဖွဲ့က အစောပိုင်းအဆင့် ဆောင်ရွက်မှုများ ဖြစ်သည့် ကာကွယ်ဆေးစမ်းသပ်ရာတွင် လုံခြုံစိတ်ချမှုရစေရေး၊ စမ်းသပ်ခံရသူများ ရောဂါမှကင်းလွတ်အောင် ဆောင်ရွက်နိုင်ရေး ပြုလုပ်သွားမည်ဖြစ်သည်။

ကာကွယ်ဆေးစမ်းသပ်မှု၌ အသက် ၃၅ နှစ်မှ ၁၈နှစ်ကြား ကျန်းမာရေးကောင်းမွန်သည့်စေတနာ့ဝန်ထမ်း ၈၀ က စမ်းသပ်ခံသွားမည်ဖြစ်သည်။ အမျိုးသားရောဂါကူးစက်ခံရမှုနှင့်ဓာတ်မတည့်မှု လေ့လာရေးအဖွဲ့ ညွှန်ကြားရေးမှူး အန်တိုနီ ဖရူစီကင်း၏အဖွဲ့မှာ ကာကွယ်ဆေးကိုစမ်းသပ်ရန် အဆင်သင့်ဖြစ်နေကြောင်း တိရစ္ဆာန်များတွင် စမ်းသပ်ရာ၌အောင်မြင်မှုရရှိထားကြောင်း ပြောခဲ့သည်။

သို့သော် ဇီကာရောဂါကာကွယ်ဆေးကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချရန်မှာမူ အချိန်အနည်းငယ်ယူရဦးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ကာကွယ်ဆေးစမ်းသပ်အထိုးခံမည့်လူများကို လူ ၂၀ လျှင် အုပ်စုတစ်စုဖြင့် လေးဖွဲ့ခွဲကာ စမ်းသပ်သွားမည်ဖြစ်သည်။ ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ရာတွင် ပါဝင်သူများထဲမှ တစ်ဝက်ကို ရှစ်ပတ်မှ ၁၂ ပတ်ကြာသည့်အခါ ကာကွယ်ဆေးတစ်မျိုးထပ်မံထိုးမည်ဖြစ်သည်။ ကျန်တစ်ဝက်ကိုမူ ကာကွယ်ဆေးနှစ်မျိုးထိုးမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# အလက်ပိုး၌ ဓာတုဗေဒဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရ၍ ခုနစ်ဦးသေဆုံး

**ဒမတ်စကတ် ဩဂုတ် ၄**

အလက်ပိုမြို့၌ ဓာတုဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရ၍ လူခုနစ်ဦးသေဆုံးပြီး ၂၀ မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ၌ ထိခိုက်၍ အသက်ရှူမဝသည့် ဒဏ်ခံစားနေရသည်ဟု နိုင်ငံပိုင်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင်ကြေညာခဲ့ကြောင်း ရုရှားစောင့်ကြည့်လေ့လာရေးဌာနမှ ကိုးကားဖော်ပြသည်။

Nour Addienal-Zinki သောင်းကျန်းသူအုပ်စုသည် တနင်္လာနေ့တွင် အစိုးရက ထိန်းချုပ်ထားသည့် ဆာလာဟူဒင်ပြည်နယ်၌ အဆိပ်ဓာတ်ငွေ့ပါဝင်သည့် ဒုံးကျည်ကိုပစ်ခတ်ခဲ့သည်ဟု ဖော်ပြထားသည်။

သောင်းကျန်းသူအုပ်စုသည် အဆိပ်ဓာတ်ငွေ့များ အသုံးပြုခဲ့ကြောင်း ရုရှားစောင့်ကြည့်လေ့လာရေးအဖွဲ့မှ အမေရိကန်တို့သို့ သတင်းပေးခဲ့သည်။

သောင်းကျန်းသူများဘက်ကလည်း အစိုးရတပ်ဖွဲ့များသည် အင်္ဂါနေ့က သောင်းကျန်းသူများ ထိန်းချုပ်ထားရာ Saraqeb ၌ ကလိုရင်းဓာတ်ငွေ့ဗုံးကြဲခဲ့ကြောင်း တုံ့ပြန်စွပ်စွဲခဲ့သည်။ တိုက်ပွဲ၌ ဓာတုလက်နက်များအသုံးပြုမှုနှင့် ပတ်သက်၍ နှစ်ဖက်စလုံးမှ အပြန်အလှန်စွပ်စွဲထားကြသည်။



နိုင်ငံပိုင် သတင်းဌာနက အလက်ပိုမြို့အစိုးရထိန်းချုပ်ရာ နယ်မြေအချို့၌ သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူခုနစ်ဦး သေဆုံးခဲ့ပြီး ၄၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ အစိုးရတပ်ဖွဲ့ဝင်များက သူပုန်များ ထိန်းချုပ်ရာ နေရာများ၌ တိုက်ပွဲများ ဆင်နွှဲမှုကြောင့် အလက်ပို၌ တိုက်ပွဲများပို၍ပြင်းထန်လာသည်။ ဗုဒ္ဓဟူးနေ့က အလက်ပိုမြို့ သူပုန်များ ထိန်းချုပ်ရာ နယ်မြေများပေါ်တွင် လေကြောင်း တိုက်ခိုက်မှုအကြိမ် ၁၀၀ ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ပြောသည်။

**(ဆင်ဟွာ)**

**အ**လက်ပိုမြောက်ပိုင်းမှာရှိတဲ့ ပုန်ကန်ထကြွသူတွေကို ဆီးရီးယားကြည်းတပ်ဖွဲ့က သုတ်သင်ဖယ်ရှားရှင်းလင်းလိုက်ခြင်းဟာ ဆီးရီးယားရဲ့ ပဋိပက္ခဖြစ်စဉ်ပြမြေပုံညွှန်းတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်မယ့် မဟာဗျူဟာမြောက်တဲ့ အရေးကြီးဖြစ်စဉ်တစ်ခုဖြစ်တယ်လို့ ဆီးရီးယားမှာရှိတဲ့ နိုင်ငံရေးကျွမ်းကျင်သူတွေက ပြောဆိုခဲ့ပါတယ်။

# အလက်ပို၌ ဆီးရီးယားတပ်မတော်၏ ဝန်းရံပိတ်ဆို့အောင်မြင်မှုက ဆီးရီးယားပဋိပက္ခအခြေအနေကို တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့

**ကလျာမိုးမြင့်**



ဆီးရီးယားတပ်မတော်ဟာ မြို့တွင်းသို့ ဝင်ရောက်မယ့်သူပုန်တွေရဲ့ နောက်ဆုံးထောက်ပံ့ရေးလမ်းကြောင်းတွေကို ဖြတ်တောက်လိုက်ပြီးတဲ့နောက် သူပုန်တွေချုပ်ကိုင်ထားတဲ့ အလက်ပိုမြို့ အရှေ့ပိုင်းနယ်မြေတွေကို ဝန်းရံပိတ်ဆို့နိုင်ခဲ့ပြီးအောင်မြင်တဲ့ဝိုင်းရံပိတ်ဆို့မှုက ဆီးရီးယားပဋိပက္ခကို နိုင်ငံရေးအရ ဖြေရှင်းတဲ့လမ်းကြောင်းပေါ်မှာ အပြုသဘောသက်ရောက်တဲ့ လုပ်ငန်းတွေ ရှိလာနိုင်မှာဖြစ်ပါတယ်။

ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး ဂျီနီဗာဆွေးနွေးပွဲမှာပါဝင်တဲ့ အစိုးရအဖွဲ့ဝင်ကိုယ်စားလှယ် ဒါန့်ျုရာက အလက်ပိုအောင်ပွဲဟာ ဆီးရီးယားနဲ့ ရုရှားတပ်မတော်အင်အားစုတွေအကြား ရှည်ကြာခိုင်မာတဲ့ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်တယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့လအတွင်းက တူရကီမှာ အာဏာသိမ်းကြိုးပမ်းမှုအရေးနိမ့်ခဲ့တာကြောင့် အလက်ပိုမှာ ပုန်ကန်ထကြွမှုကို ကူညီထောက်ပံ့ဖို့ စိတ်အားထက်သန်နေတဲ့ တူရကီရဲ့ကြိုးပမ်းမှုဟာလည်း အရာမရောက်ဖြစ်ခဲ့ရပါတယ်။

မအောင်မြင်တဲ့အာဏာသိမ်းမှုက တူရကီရဲ့မြို့တော်အန်ကာရာကို အလုပ်ရှုပ်စေခဲ့ပြီး ပြည်တွင်းကိစ္စရပ်တွေ ပြန်လည်ငြိမ်သက်ဖို့ ပြင်ဆင်ဆောင်ရွက်နေရတာကြောင့် တူရကီရဲ့ အထောက်အပံ့ကို အကြီးအကျယ်ရရှိထားတဲ့ သူပုန်တွေဆီကနေ အကာအကွယ်အထောက်အပံ့မှန်သမျှကို ပြန်ပြီးဆွဲနုတ်ယူလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ အလက်ပိုမြို့မှာ သူပုန်တွေရဲ့ရှုံးနိမ့်မှုက နောက်ထပ်ရှုံးနိမ့်မှုတွေကိုပါ လှစ်ဟဖော်ပြနိုင်မှာဖြစ်ပြီး ပြည်နှင်ခံထားရတဲ့ အတိုက်အခံအုပ်စုတွေကို တော်လှန်ပုန်ကန်လိုစိတ်မရှိတော့ဘဲ စိတ်သဘောထားညွှတ်ပျောင်းလာစေနိုင်မှာဖြစ်တယ်လို့ ဒါန့်ျုရာက ပြောကြားခဲ့ပါတယ်။

အနောက်အင်အားကြီးနိုင်ငံတွေနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ ဆီးရီးယားပဋိပက္ခကို အဖြေရှာတဲ့နေရာမှာ အတိုက်အခံအုပ်စုတွေရဲ့အေးစက်မာကျောတဲ့ သဘောထားနဲ့ ၎င်းတို့ရဲ့ မျှော်လင့်ချက်တွေ လျော့ကျနည်းပါးလာအောင် ပြုလုပ်ခြင်းဖြင့် ပိုပြီးအပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်သင့်ပါတယ်။

ဆီးရီးယားပဋိပက္ခရဲ့အနာဂတ်ကို ခန့်မှန်းရမယ်ဆိုရင် အကြမ်းဖက်အုပ်စုတွေအနေနဲ့ အကြမ်းဖက်တိုက်ခိုက်လိုတဲ့ စိတ်သဘောထားရှိနေသမျှကာလပတ်လုံး ဆီးရီးယားအစိုးရကလည်း ဆက်လက်တိုက်ခိုက်ချေမှုန်းသွားမယ့် အလားအလာမျိုးရှိနေပါတယ်။

မကြာသေးမီက သမ္မတအာဆတ်ရဲ့မေတ္တာရပ်ခံတောင်းပန်မှုက အမျိုးသားပြန်လည်စုစည်းညီညွတ်မှုအတွက် ခြေလှမ်းတစ်ခုဖြစ်သလို ပဋိပက္ခဖြေရှင်းဖို့အစပျိုးလိုက်တဲ့ အဆင့်တစ်ခုလို့လည်းဆိုနိုင်ပါတယ်။

ပြီးခဲ့တဲ့လကုန်လောက်က သူပုန်တွေအခိုင်အမာဆုပ်ကိုင်ထားတဲ့ အချက်အချာနေရာဖြစ်တဲ့အလက်ပိုအရှေ့ပိုင်း ဘာနီဇိဒ်နယ်မြေကို ဆီးရီးယားတပ်မတော်က အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပါတယ်။ သူပုန်တွေထိန်းချုပ်ထားတဲ့ နယ်မြေတွေဖြစ်တဲ့ အလက်ပိုမြောက်ပိုင်းကျေးလက်ဒေသတွေနဲ့ ချိတ်ဆက်ထားတဲ့ သူပုန်ထောက်ပံ့ရေးလမ်းကြောင်းကို ဆီးရီးယားတပ်မတော်က ဖြတ်တောက်လိုက်ပြီး ရက်ပိုင်းအတွင်းမှာပဲ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တာပါ။

ကက်စတယ်လိုလမ်းကြောင်းကို ဖြတ်တောက်လိုက်ခြင်းက အလက်ပိုမြို့တွင်းမှာရှိတဲ့ သူပုန်တွေကို အတော်လေးအထိနာစေခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ဆီးရီးယားတပ်မတော်က အလက်ပိုအရှေ့ပိုင်းကို အပြီးသတ်ဝန်းရံပိတ်ဆို့ထားနိုင်ခဲ့ပြီး သူပုန်တွေကို လက်နက်ချအညံ့ခံဖို့နဲ့ မြို့နေပြည်သူတွေကိုလည်း ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ဒါ့အပြင် သမ္မတဘာရှာအယ်လ်အာဆတ်က မိမိသဘောဆန္ဒအလျောက် အာဏာပိုင်တွေဆီမှာ လက်နက်ချအညံ့ခံသူတွေကို လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်လိုက်ပါတယ်။ ဆီးရီးယားနဲ့ရုရှားအာဏာပိုင်များရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အလက်ပိုမြို့ကနေ ထွက်ခွာလိုတဲ့ ပြည်သူတွေ အတွက် ဘေးကင်းလုံခြုံတဲ့လမ်းကြောင်းသုံးခုကိုပွင့်သွားစေခဲ့ပါပြီ။ ကိုယ်တိုင်လက်နက်ချအလင်းဝင်မယ့် သူပုန်တွေအတွက်လည်း လေးခုမြောက်လမ်းကြောင်းတစ်ခုကို ဖွင့်ထားပါသေးတယ်။

အစိုးရက ဘေးကင်းစွာ ဖြတ်သန်းသွားလာခွင့်ပေးလိုက်ပြီးနောက် အလက်ပိုအရှေ့ပိုင်းဒေသတွေမှာရှိတဲ့ မိသားစုပေါင်းများစွာကို ဒုတိယအသုတ်အနေနဲ့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြောင်းနိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက အင်္ဂါနေ့က ဖော်ပြခဲ့ပါတယ်။

အစိုးရက ချမှတ်လိုက်တဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုပျက်ပြယ်ဖို့ ဂျီဟတ်စစ်သွေးကြွအုပ်စုအပါအဝင် သူပုန်များစွာဟာ တိုက်ခိုက်မှုများစွာလုပ်ဆောင်ခဲ့ပါသေးတယ်။ သို့ပေမယ့် သူပုန်တွေထိန်းချုပ်ရာဖြစ်တဲ့ အဓိကနယ်မြေကိုအစိုးရက ယခုထက်တိုင် ဝန်းရံပိတ်ဆို့ထားနိုင်ခဲ့တာကြောင့် ၎င်းတို့ရဲ့ ကြိုးပမ်းမှုဟာလည်း အားကိုးရာမဲ့ဖြစ်လာပြီး တစ်စတစ်စနဲ့ လုံးပါးပါးလာခဲ့ရပါတော့တယ်။

မြောက်ပိုင်းဒေသမှာ ဆီးရီးယားတပ်မတော်က သူပုန်တွေကို ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ရှေ့တိုးလုပ်ဆောင်ခဲ့တဲ့အတွက် မကြာသေးမီကာလအတွင်းမှာ ပြင်းထန်ဆိုးရွားလှတဲ့တိုက်ပွဲတွေဖြစ်ခဲ့တယ်ဆိုတာကိုဆီးရီးယားနိုင်ငံရဲ့အကြီးဆုံးနဲ့ စီးပွားရေးအချက်အချာအကျဆုံး ပြည်နယ်မြို့တော်ဖြစ်တဲ့ အလက်ပိုက သက်သေခံနေပါတယ်။

**ကိုးကား-ဆင်ဟွာ**

(၃-၈-၂၀၁၆)



# အကျဉ်းသား ၂၄၁ ဦးအား သမ္မတအိုဘားမား ပြစ်ဒဏ်များလျှော့ပေါ့

မောင်တင်

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဩဂုတ် ၃ ရက်က အကျဉ်းသား ၂၄၁ ဦးကို ထောင်ဒဏ်(ပြစ်ဒဏ်)မှ လျှော့ပေါ့ပေးလိုက်ကြောင်း၊ ယင်းပမာဏသည် ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း အမေရိကန်ခေါင်းဆောင်များ လက်ထက်တွင် အကြီးဆုံးသော တစ်နေ့တည်းပြစ်ဒဏ်လျှော့ပေါ့ပေးလိုက်သည့် ပမာဏဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အိုဘားမားသည် ၎င်းသမ္မတဖြစ်ချိန်ကတည်းကစ၍ ယခုချိန်အထိ စုစုပေါင်း ၅၆၂ မှုကို ပြစ်ဒဏ်များလျှော့ပေါ့ပေးပြီးဖြစ်သည်။ ယင်းပမာဏသည် ယခင်အမေရိကန်သမ္မတကိုးဦးလက်ထက် ပြစ်ဒဏ်လျှော့ပေါ့ပေးသည့်ပမာဏနှင့် နှိုင်းယှဉ်ကြည့်လျှင် ပိုမိုများပြားနေကြောင်း သိရသည်။ ဩဂုတ် ၃ ရက် အသုတ်တွင် အကျဉ်းသား ၆၇ ဦး တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံခဲ့ရသည်။

အကျဉ်းသားများမှာ ဆေးခြောက်၊ မက်တာဖက်တမင်း စသည့် မူးယစ်ဆေးဝါးများကိုရောင်းချဖြန့်ဖြူးခြင်း၊ တချို့မှာ လက်နက်တရားမဝင်ပိုင်ဆိုင်ခြင်းတို့ဖြင့် ပြစ်ဒဏ်ကျခံရသည်။ ယင်းတို့ထဲမှ အကျဉ်းသားတစ်ဦးမှာ အမေရိကန်နိုင်ငံ ဘယ်လ်တီမိုးမှ ဂျိမ်းဝရိုက်ဆိုသူဖြစ်ပြီး ၎င်းသည် မူးယစ်ဆေးဖြန့်ဖြူးမှုဖြင့် ထောင်ဒဏ်နှစ် ၂၀ ကျခံနေရသူဖြစ်ပြီး ၎င်းကို ဒီဇင်ဘာလထဲတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဖြစ်သည်။

အမေရိကန်သမ္မတ အိုဘားမားသည် အမေရိကန်ပြစ်မှုဆိုင်ရာ တရားစီရင်ရေးမဏ္ဍိုင်ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေပြီး ထောင်နှစ်ရှည်ကျသူများကိုလည်း အရေအတွက်အတော်များများ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ဤကိစ္စသည် ရှားပါးသောကိစ္စဖြစ်သည်နှင့်အညီ အမေရိကန်သမ္မတအိုဘားမားသည် ရီပတ်ဘလစ်ကန်ဥပဒေပြုသူများ၏ ထောက်ခံမှုကိုရရှိခဲ့သည်။

နှစ်ပေါင်း ၄၀ အတွင်း သက်ညှာခွင့်လွှတ်မှုအရှိဆုံး အစီအစဉ်ကိုပြုလုပ်မည်ဖြစ်ပြီး ယင်းတွင် ဆေးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများအပါအဝင် အခြားအကျဉ်းသားများကို ဆောလျင်စွာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ပါဝင်မည်ဖြစ်ကြောင်း အိုဘားမားသည် ၂၀၁၄ ခုနှစ်ကတည်းက ကြေညာခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ ပြောသလောက်မလွယ်ကူခဲ့ပေ။

ယခုအစီအစဉ်မှာလည်း အိုဘားမားနောင်နှစ်ဇန်နဝါရီလတာဝန်မှ အနားယူပြီးနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေမည်လားဆိုသည်မှာ မသေချာလှပေ။

**(ရိုက်တာ)**

# မိုးညှင်းမြို့နယ်၌ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကျောင်းများပိတ်ထားရ

**မိုးညှင်း ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညှင်းမြို့နယ်၌ ဩဂုတ် ၄ ရက်မှစတင်၍ ရောဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရကြောင်း သိရသည်။

မိုးညှင်းမြို့နယ်သည် ရောဝတီမြစ်နှင့် နီးကပ်ပြီး ရေကာတာအပြင်ဘက်ရှိ စာသင်ကျောင်းများ၊ မြစ်မခချောင်းအနီးရှိ စာသင်ကျောင်းများကို မြစ်ရေမြင့်တက်လာသဖြင့် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်း စုစုပေါင်း ၆၉ကျောင်း ယာယီပိတ်ထားရပြီး ရေကျချိန်တွင် ပိတ်ရက်များအား အစားထိုး ပြန်လည်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်လတ်(မိုးညှင်း)**



# နတ်တလင်း-မိုးညှင်းကားလမ်းမကြီး မိုင်တိုင် ၅၄/၄ အနီးရှိ ကွန်ကရစ်တံတား မြစ်ရေတိုက်စားမှုကြောင့် ပျက်စီး

**မိုးညှင်း ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ် ဆင်ဂေါင်းအုပ်စု ရေအိုးစင်ကုန်းရွာနှင့် မယင်းငယ်ရွာအကြားရှိ နတ်တလင်း-မိုးညှင်းကားလမ်းမကြီး မိုင်တိုင် ၅၄/၄ အနီး ငါးပြေမရိုး ကွန်ကရစ်တံတားမှာ ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲက ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ၁၅ ပေ အကျယ်ခန့် ကျိုးကျသွားကြောင်း သိရသည်။

ဆင်ဂေါင်းရွာမှ ဦးကြည်မြင့်က "တံတားပေါင်နဲ့တာလမ်းက တစ်ပြေးညီဖြစ်နေတော့ ရေထွက်အားများပြီး မြေသားတာပေါင်ကို တိုက်စားလိုက်တာပါ။ တံတားသာ သုံးပေလောက်မြင့်လိုက်ရင် ရေထွက်အားက တာပေါင်တိုက်စားနှုန်း နည်းသွားနိုင်တယ်။ နေ့လယ်ပိုင်းမှာ မြစ်ရေက တာပေါင်ကို ရေတိုက်စားနေတာ ပေ ၃၀ နီးပါးလောက်ဖြစ်နေပါပြီ။ မဖြစ်မနေသွားလာနေရတဲ့ ခရီးသွားပြည်သူတွေလည်း အခက်တွေ့နေပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ သွားရေးလာရေးအဆင်ပြေအောင် အမြန်ဆုံးဆောင်ရွက်ပေးစေချင်ပါတယ်။ ဒီလမ်းက မိုးညှင်းမြို့နယ်နဲ့ နတ်တလင်းမြို့ကိုသွားတဲ့ အချက်အချာကျတဲ့ လမ်းဖြစ်နေလို့ပါ"ဟု ပြောသည်။

**တင်မြင့်(နတ်တလင်း)**



# ဟင်္သာတ၌ စိုးရိမ်ရေမှတ်ကျော် ရေကင်းစခန်းများကြည့်ရှု

**ဟင်္သာတ ဩဂုတ် ၄**

ရောဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ကျော်လွန်နေမှုကြောင့် ရေကာတာများကြံ့ခိုင်မှုရှိရေး ဩဂုတ် ၄ ရက် နံနက်ပိုင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တေဇကျော်နှင့် တာဝန်ရှိသူများသည် ဟင်္သာတမြို့ လက်သမားရပ်ကွက်၊ ဦးပါရဲဘုရား ရေကင်းစခန်းသို့ရောက်ရှိပြီး ရောဝတီရေကာတာအား ကြည့်ရှုသည်။ **(အောက်ဝဲပုံ)**



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးသည် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖြိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ကျော်လွန်ရောက်ရှိနေသည့် အတွက် ခရိုင်နှင့်မြို့နယ်အတွင်း ရေဘေးကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ဇော်ဇော်(ပြန်/ဆက်)**

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်း

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဩဂုတ် ၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **(မိုး/ဇလ)**

# အင်္ဂပူမြို့နယ်၌ ငဝန်မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ခေတ္တပိတ်

**အင်္ဂပူ ဩဂုတ် ၄**

အင်္ဂပူမြို့နယ်၌ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသဖြင့် မြို့နယ်အတွင်းရှိ ကျောင်းများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းမှစတင်ပြီး ခေတ္တပိတ်ထားကြောင်း သိရသည်။

မြစ်ရေဝင်ရောက်မှုကြောင့် အထကကျောင်း တစ်ကျောင်း၊ အလက(ခွဲ) သုံးကျောင်းနှင့် အမကကျောင်း ၁၀ ကျောင်း စုစုပေါင်းကျောင်း ၁၄ ကျောင်း ခေတ္တပိတ်ထားခဲ့သည်။ အဆိုပါစာသင်ကျောင်းများအား မြစ်ရေကျဆင်းသွားပါက ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ကျောင်းပိတ်ရက်များကို အစားထိုး ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**





# လေးကောင်ဂျင်လောင်းကစားပြုလုပ်သူများအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မိုးတိမ်ပြင်ကျေးရွာတောင်ဘက် ယာခင်းအတွင်းရှိ သရက်ပင်အောက်၌ ဩဂုတ် ၃ ရက် ညနေ ၅ နာရီက လေးကောင်ဂျင်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ နွားထိုးကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဖမ်းဆီးရာ တောင်သာမြို့နယ် ရုံးစည်လေးကျေးရွာနေ ညွန့်ဦး(ခ)မြင့်ဦး(၃၈နှစ်)နှင့် နွားထိုးကြီးမြို့နယ် မိုးတိမ်ပြင်ကျေးရွာနေ မြင့်သန်းဝင်း(၅၀နှစ်)တို့ နှစ်ဦးအား လေးကောင်ဂျင်ကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၀၇၆၀၀၊ ဆိုင်ကယ်မျိုးစုံ ၁၄ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ညွန့်ဦး(ခ)မြင့်ဦးနှင့် မြင့်သန်းဝင်းတို့ နှစ်ဦးအား နွားထိုးကြီးမြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ပုသိမ်မြို့၌ ဆိုင်ကယ်ပိတ်မောင်းသည်ဟုစွပ်စွဲ ထိုးကြိတ်ရိုက်နှက်မှုဖြစ်ပွား

**ပုသိမ် ဩဂုတ် ၄**

ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလလမ်း နာရီစင်အနီး၌ ဩဂုတ် ၁ ရက်က ဆိုင်ကယ် လမ်းပိတ်မောင်းနှင်သည်ဟု စွပ်စွဲ၍ အချင်းများရာမှ ထိုးကြိတ်ရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဩဂုတ် ၁ ရက် ည ၁၁ နာရီခန့်တွင် ထက်ဝေယံကျော်သည် ဇနီးနှင့် ၎င်း၏သူငယ်ချင်းများနှင့်အတူ ပုသိမ်မြို့ မိုးလေဝသစခန်းဘက်မှ မြို့ထဲသို့ မဟာဗန္ဓုလလမ်းအတိုင်း ဆိုင်ကယ်သုံးစီးဖြင့် မောင်းနှင်လာစဉ် နာရီစင်အနီး အမှောင်ရိပ်အရောက်၌ ဆိုင်ကယ်နှစ်စီးမှာ လမ်းဘေးတွင် ရပ်ထားပြီး လူခြောက်ဦးခန့်က လမ်းပေါ်ပိတ်ရပ်နေကြောင်း၊ ၎င်းတို့ဆိုင်ကယ်ကိုရပ်လိုက်စဉ် လူခြောက်ဦးက လက်ထဲတွင် တုတ်များကိုင်ထားပြီး တစ်ဦးက"ဆိုင်ကယ်ကိုဘာလို့ပိတ်မောင်းတာလဲ"ဟု ပြောဆိုကာ ထက်ဝေယံကျော်အား ဝင်ရောက်ရိုက်နှက်ရာမှ အပြန်အလှန်ထိုးကြိတ်ကြကြောင်း၊ ထို့နောက် တစ်ဦးက ထက်ဝေယံကျော်အား ဓားဟု ယူဆရသည့်အရာဖြင့် ထိုးခဲ့ပြီး ထပ်မံရောက်ရှိလာသည့် ဝင်ရောက်ဖျန်ဖြေသူတစ်ဦးကိုပါ တုတ်များဖြင့် ရိုက်နှက်ခဲ့ကြကြောင်း၊ ထက်ဝေယံကျော်မှာရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီး ၎င်းနှင့်ပါလာသူနှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ရေဦးမြို့၌ ဂိုဒေါင်စောင့်တဲမီးလောင်၊ တစ်ဦးသေဆုံး

**ရေဦး ဩဂုတ် ၄**

ရေဦးမြို့ဗိုလ်အောင်ဇေယျရပ်ကွက် တိုးချဲ့(ရေဦးကုန်းကွင်း)၌ ဩဂုတ် ၄ ရက် နံနက် ၂ နာရီခန့်က မြရတနာဆန်စက်အနီး ဂိုဒေါင်စောင့်တဲတစ်လုံးမီးအားမြှင့်စက်အပူလွန်ကဲရာမှ စက်ဘီးတစ်စီး၊ ဂျာလင်းဆိုင် ကယ်တစ်စီးနှင့် အမျိုးသားတစ်ဦး မီးစွဲလောင်ကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများ၏ စုပေါင်းအားဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးငြိမ်းသတ်ပြီးနောက် နယ်မြေတာဝန်မှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးရာ မီးလောင်ပြီး တဲအတွင်း၌ မကွေးတိုင်းဒေသကြီး ယင်းဆိပ်ကျေးရွာနေ ဦးကံကြည် (၄၅နှစ်)မှာ ဆိုင်ကယ်ဘေးတွင် ပက်လက်အနေအထားဖြင့် မီးစွဲလောင်ဒဏ်ရာဖြင့် သေဆုံးလျက် တွေ့ရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရေဦး မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**



# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပုံးသီးသုံးလုံးဖမ်းမိ

**နေပြည်တော် ဩဂုတ် ၄**

အိန္ဒြနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက်က ဘားအံမြို့(၉)ရပ်ကွက် ရေတမာလမ်းနှင့် မဟော်ဂနီလမ်းထောင့်၌ ခင်ဇော် မောင်းနှင်ပြီး မျိုးအောင်ထွန်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၆၄၈ ပြားနှင့် ၄၀ မမ ပုံးသီးသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(ဝဲပုံ)**

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့(၄)ရပ်ကွက် ဥယျာဉ်လမ်းနေ မနော်သင်းသင်းလှဲ့၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် မြန်မာငွေကျပ် ၁၅ သိန်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **ကိုရဲ**


**ပြင်ဆင်ဖတ်ရှုပါရန်**

(၃၃၁)ကြိမ်မြောက် ကိုးသုံးလုံး၊ ဇမ္ဗူလင်း၊ ပန်ဆုအောင်၊ မြတံခွန်၊ ရတနာသိန်းထိုက်အောင် ထီပေါက်စဉ်ကြော်ငြာအကွက်တွင် မြတံခွန် သိန်း(၁၀၀)ဆု (ကဆ) ၈၈၀၉၂၅ကို (ဖ)ဟု ရတနာသိန်းထိုက်အောင် သိန်း(၁၀၀)ဆု (အ)-၄၈၇၄၁၈ကို(ဘ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (ခွဲ) ဥတ္တံတားကျောင်း၊ တက္ကသိုလ်ဝင်တန်း(A) မှ မပိုမ၏ ဖခင်အမည်မှန်မှာ ဦးကြာအေး ဖြစ်ပါသည်။ **ဦးကြာအေး ၃/ဘအန(နိုင်)၃၄၁၀၂၀**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ညဏ်လင်းခန့်အား ယနေ့မှစ၍ မောင်လင်းထွဋ်တင် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းထွဋ်တင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/8325 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၆၉၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၇/ဖမန(နိုင်)၀၀၄၉၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**လမ်းတံတားဌာန**
**နိုင်လွန်ကတ္တရာကျိုစက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းတံတားဌာနမှ ကော်မတီနယ်နိမိတ်အတွင်း လမ်းများအား နိုင်လွန်ကတ္တရာအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်လိုအပ်သော နိုင်လွန်ကတ္တရာကျိုစက်အသစ်တစ်စုံ ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၈-၂၀၁၆ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ၈-၈-၂၀၁၆ ရက်မှ စတင်၍ တင်ဒါပုံစံတစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**ဌာနမှူး**
**လမ်းတံတားဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/4470 Toyota Townace KM 75 P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၄/မမန(နိုင်)၁၄၄၂၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဝယ်ယူလိုပါသည်**

Nissan Truck 2004 model အတွက် စီးပွားကူးသန်းမှ ၂၀၁၅ ခုနှစ်ထုတ် ကားတင်သွင်းခွင့် Permit လိုင်စင် ဝယ်ယူလိုပါသည်။

Company Permit

Consignmet

လူအမည်ပေါက်လည်း ရပါသည်။

**ကိုပြည့်ဖြိုး ဖုန်း-၀၉-၇၃၁၀၆၆၃၃၊ ၀၉-၈၆၁၄၃၅၇**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်ဌာန (ထောက်ကြန့်)ရန်ကုန်တိုင်းဒေသကြီး၌ မော်တော်ယာဉ်စစ်ဆေးသည့် Steel Structure နှင့်သံကူကွန်ကရစ်အဆောက်အအုံအလျား ၉၈ ပေ၊ အနံ ၆၀ပေ၊ အမြင့် ၁၇ ပေ (ရေ၊ မီး၊ ဆေးအပါအဝင်)တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၈-၈-၂၀၁၆ရက်မှ ၂၉-၈-၂၀၁၆ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ၁၆း၃၀နာရီတိတိ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၆-၉-၂၀၁၆ရက်(အင်္ဂါနေ့)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂၉) နေပြည်တော်တွင် ၈-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များကုမ္ပဏီ(Golden Win Success Co., Ltd.)မှ ပိုင်ဆိုင်သောကား Frame Number CYJ 51W3 3002260(Isuzu Truck) ပါ Export Certificate Document သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၃၆၈၀၆၆၆၅**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘဝိုင်းကျေးရွာနေ ဦးဝင်းမောင်-ဒေါ်တင်တင်ရွှေတို့၏ သား၊ မောင်တိုးပြည့်ထက်သည် မိဘ၏ဆိုဆုံးမမှုအား မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ နောက်နောင် မိဘမောင်နှမများနှင့် မည်သို့မျှမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**
**ဦးဝင်းမောင် - ဒေါ်တင်တင်ရွှေ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဓာတ်မီဓာတ်ခွဲခန်းဆောက်လုပ်ခြင်းနှင့် ရန်ကုန်မြို့တွင် ဓာတ်မီဓာတ်ခွဲခန်းနှင့် ရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၅-၈-၂၀၁၆ရက်(သောကြာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၆ရက်(သောကြာနေ့)

(ဂ) **နေရာ** - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ဝယ်ယူပါသည်-

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၃၁၇၁၊ ၄၀၃၅၈၆**

**ပိုင်ရှင်ကိုယ်တိုင်မြေကွက်ရောင်းမည်**

အရှုပ်အရှင်းကင်း၍ ရင်းနှီးမြှုပ်နှံသူ အမြတ်များ၍ စိတ်ချမ်းသာရမည်။
စီးပွားရေးတက္ကသိုလ်အနီး ဒီဇင်ဘာဥယျာဉ်အိမ်ရာ 50x75=650 သိန်း။
80x110 ထောင့်ကွက်=1600 သိန်း (ညှိနှိုင်း)
**ဖုန်း-၀၉-၉၆၅၁၇၄၅၉၂၊ ၀၉-၅၁၇၄၅၉၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/5723 Mitsubishi Fuso, Truck (8x4)T/S ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၂/ဥကမ(နိုင်)၀၃၁၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/5923 AR MAHN THIT MPY(AMT MPY04) M/B(4x2) MPY ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးသန်း ၁၂/ဗဟန(နိုင်)၀၈၃၈၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

# ခြင်းလုံးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံလေးပေါက်တန်းခြင်းလုံးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏပိုက်ကျော်ခြင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်က ဖွင့်လှစ်ပေးပြီး မြို့နယ်ပေါင်းစုံပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲတွင် မြို့နယ် ၁၈ မြို့နယ်မှပြိုင်ပွဲဝင်အားကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဩဂုတ် ၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**






ချန်ပီယံဆုရ ထိုင်းအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်

# အိမ်ရှင်မြန်မာအသင်း တတိယရခဲ့ပြီး ထိုင်းအသင်းဗိုလ်စွဲ

**မန္တလေး ဩဂုတ် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသည်။

တတိယနေရာလုပွဲတွင် အိမ်ရှင်မြန်မာအသင်းက ဩစတြေးလျ ယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တတိယနေရာရရှိခဲ့သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက်ချန်ပီယံဆုနှင့် ဒုတိယဆုများသာရရှိဖူးသော်လည်း တတိယဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရိရိဦးပွဲပယ်ခံထားရသောကြောင့် မြန်မာအသင်းသည် တိုက်စစ်ကိုအပြောင်းအလဲပြုလုပ်ခဲ့ပြီး ခင်မိုးဝေကို မေသူကျော်နှင့်တွဲကစားစေခဲ့သည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၂၀ တွင် ခြေစွမ်းပြပြီး ဂိုးများဆက်တိုက်သွင်းယူပေးနေသည့် ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ဩစတြေးလျအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာသော်လည်း မြန်မာနောက်တန်းအမှားအယွင်းမရှိ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။

ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ထိုင်းနှင့်ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက ပယ်နယ်တီတွင် စုစုပေါင်းဂိုးရလဒ် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ဖိဖိနိုင်ခဲ့သော်လည်း ထိုင်းအသင်းက ဂိုးရခဲ့သည်။ ပွဲအစခြောက်မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဆရီတာလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၄ မိနစ်တွင် ငုယင်သီမင်ငုယက်က ဗီယက်နမ်အတွက် ချေပဂိုးပြန်သွင်းခဲ့၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင်လည်း သရေကျနေ၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ခဲ့ရာ ကိုးလုံးအထိကန်ခဲ့ရပြီး ထိုင်းအသင်းက ခြောက်ဂိုး-ငါးဂိုး စုစုပေါင်း ဂိုးရလဒ်ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တတိယဆုရ မြန်မာအသင်းနှင့် ဒုတိယဆုရ ဗီယက်နမ်အသင်းအား တစ်ဦးချင်းဆုတံဆိပ် ပထမဆုရ ထိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလား၊ အသန့်ရှင်းဆုံးအသင်းဆုရ ဩစတြေးလျအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုချီးမြှင့်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ဖခင်အမည်မှန်**

ရွှေဘိုခရိုင်၊ရေဦးမြို့နယ်၊ ရေမြက်ကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မပန်းအိမ့်မွန်၊ နဝမတန်းမှ မောင်ကျော်သက်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုအေး ၅/ရဥန(နိုင်)၀၃၉၅၄၉ ဖြစ်ပါကြောင်း။

ဦးဘိုအေး

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ဗန်းမောက်မြို့နယ်၊ပင်ပုံအုပ်စု၊နန့်ပုံကျေးရွာနေ ဦးချက်ကြီး(ခ)ဦးညိုဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ဦးချက်ကြီး(ခ)ဦးညိုဝင်း ၅/ဗမန(နိုင်)၀၂၃၂၆၈

**ဝယ်ရန်ရှိသည်**

စက်မှုဇုန်မြေကွက်များ ဝယ်လိုသည်။

09-965196945
09-5196945

**အိမ်ရောင်းမည်**

မြောက်ဥက္ကလာ၊သုမင်္ဂလာလမ်းမကြီးပေါ်
(ပေ ၂၀ × ပေ ၅၀)

09-965196945
09-5196945

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊တည် ဆောက်ရေး(၇)မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း၏ အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်မည့်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | တမံလုပ်ငန်း | - | တူး/တင်/သယ်/ဖြန့်/ကြိတ် |
| (၂) | ရေပိုလွှဲမြေကြီးလုပ်ငန်း | - | တူး/တင်/သယ် |
| (၃) | ဆက်သွယ်မြောင်းမြေကြီးလုပ်ငန်း | - | တူး/တင်/သယ် |
| (၄) | ကွန်ကရစ်လုပ်ငန်း | - | ဖျော်/သယ်/လောင်း |
| | **တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** | - | ၅-၈-၂၀၁၆ ရက် |
| | **နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၅-၉-၂၀၁၆ ရက် ၁၆း၃၀နာရီ |
| | **တင်ဒါပေးပို့ရမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရပ်စောက်မြို့။ |
| | **တင်ဒါဖွင့်မည့်ရက်** | - | ၉-၉-၂၀၁၆ ရက်နံနက် ၁၀း၀၀နာရီ |
| | **တင်ဒါဖွင့်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ |

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာအသေးစိတ်အချက်အလက်များသိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၇)၊ ရပ်စောက်မြို့၊ ဖုန်း-၀၈၁-၂၀၄၅၉၅၊ ၀၈၁-၂၀၄၅၉၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/8797, Toyota Belta Scp 92, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇောဟိန်း၈/မကန(နိုင်)၁၈၂၅၁၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/1752, Toyota Mark II, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လတ် ၈/မကန(နိုင်)၁၅၄၀၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

**အငယ်တန်းစာရေးရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်အစီအစဉ်နှင့် ဖြေဆိုခွင့်ကဒ်ပြားများထုတ်ယူရန်ကြော်ငြာခြင်း**

၁။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင်လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကို (၁၄-၈-၂၀၁၆)ရက်၊ တနင်္ဂနွေနေ့ နံနက် (၀၉:၀၀)နာရီတွင် အမှတ်-၈၀/၈၆၊ မဟာဗန္ဓုလပန်းခြံလမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ကျင်းပပြုလုပ်ပါမည်။

၂။ အငယ်တန်းစာရေး ရာထူးနေရာအတွက် လျှောက်လွှာတင်သွင်းထားသူများသည် စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားကို (၁၀-၈-၂၀၁၆)ရက်၊ ဗုဒ္ဓဟူးနေ့နှင့် (၁၁-၈-၂၀၁၆) ရက်၊ ကြာသပတေးနေ့များတွင်မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် မိမိ၏နိုင်ငံသားစီစစ်ရေးကဒ်မူရင်းနှင့်အတူ လာရောက်ထုတ်ယူရန်ကြော်ငြာအပ်ပါသည်။



ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၂၈)

# အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဆောင်ရွက်မှုများ



## ဦးဟန်ညွန့်(ဥပဒေ)

**ဥပဒေများ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

ဥပဒေများ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအကြောင်း ပြီးခဲ့သည့်အပတ်က တင်ပြခဲ့သည်။ ဆက်လက်တင်ပြရန် ဆောင်ရွက်ချက်များရှိသေးသဖြင့် အနှစ်ချုပ်တင်ပြပါရစေ။

**အဓိပ္ပာယ်မကောက်ယူရ**

"ပြဋ္ဌာန်းသောစကားများ၏ အဓိပ္ပာယ်ကိုကောက်ယူရာတွင် ဦးစွာပထမ ၎င်းတို့၏ ရိုးရိုးသဘောအဓိပ္ပာယ်ကို လက်မလွှတ်ဘဲကောက်ယူရမည်ဟူသော စည်းမျဉ်းဥပဒေသနှင့် မျက်မြင်အားဖြင့် အာဏာတ္တိက(Mandatory) ဖြစ်သောစကားများကို ကောင်းမွန်ခိုင်မာသော အကြောင်း မရှိဘဲနှင့်ညွှန်ကြားချက်များမျှသာဖြစ်သည်ဟု အဓိပ္ပာယ်မကောက်ယူရ"ဟုလမ်းညွှန်ခဲ့ဖူးသည်။

**[ဦးဘဖေနှင့်ဦးလွန်းမောင်၊ ၁၉၅၉ ၊ မတစ၊ စာ-၁၆၈]**

**ဆက်စပ်ဖတ်ရှုမှသာ**

"အက်ဥပဒေ သို့မဟုတ် ဥပဒေသဘော သက်ရောက်သည့်အမိန့်ကြေညာချက်တစ်ခုခုကို အဓိပ္ပာယ်ကောက်ယူရာတွင် ထိုဥပဒေသို့မဟုတ် အမိန့်ကြေညာချက်ရှိသော စကားရပ်တစ်ခုတည်းကိုသာ ထီးထီးဖတ်ရှုအဓိပ္ပာယ်ကောက်ယူခြင်းမပြုရပေ။ ဤစကားရပ်များနှင့်ဆက်စပ်ပြီးဖတ်ရှုမှသာ အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်သည်" ဟုလည်း စီရင်ထုံးပြုဖူးသည်။

**[မက်ဆားစ်ဇော်ပျံနှင့်ဟာဂျီအဗ္ဗဒူရာဟီမန်၊ ၁၉၆၇ ၊ မတစ၊ စာ-၆၀၈]**

**ခေါင်းစီးများ**

ဥပဒေပုဒ်မဘေးတွင် ခေါင်းစီးများပါရှိတတ်သည်။ ယခုပြဋ္ဌာန်းသောဥပဒေများတွင် ခေါင်းစီးပါရှိလေ့မရှိ။ ခေါင်းစီးသည်ပြဋ္ဌာန်းချက်၏ တစ်စိတ် တစ်ဒေသမဟုတ်။ သို့ရာတွင် သက်ဆိုင်ရာပြဋ္ဌာန်းချက်၏ "ရေစီးချောင်း" ကို မြင်သာစေသည်။ အဓိပ္ပာယ်ကောက်ယူရာတွင် အကူအညီရရန် ရည်ညွှန်းနိုင်သည်ဟု စီရင်ဆုံးဖြတ်ဖူးသည်။

**[အေဒီဝန်နှင့်ဒိုးစ်ဟာမက်အမှု၊ ၁၉၅၂၊ မတစ၊ စာ-၂၃]**

**သော့ချက်**

"ဥပဒေပုဒ်မ တစ်ခုခု၏ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိခေါင်းစီးသည် ထိုပုဒ်မ၏ အဓိပ္ပာယ်ကောက်ယူရာ၌သော့ချက်တစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ခေါင်းစဉ် သို့မဟုတ် ဘေးရှိ ခေါင်းစီးသည် ဥပဒေကို ရှင်းလင်းပြတ်သားသည့် စကားရပ်ကို ဆန့်ကျင်၍ အဓိပ္ပာယ်ကောက်ယူခြင်းမပြုနိုင်သော်လည်း ဥပဒေ၏အနက်အဓိပ္ပာယ်ကို လမ်းညွှန်သဖွယ် အသုံးချနိုင်သည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိ" ဟု ဆုံးဖြတ်ခဲ့သည်။

**[မက်ဆားစ်ဇော်ပျံနှင့်ဟာဂျီအဗ္ဗဒူရာဟီမန်၊ ၁၉၆၇၊ မတစ၊ စာ-၆၀၈ ]**

**တရားသူကြီး၏တာဝန်**

"ဥပဒေစကားရပ်များကို အရှိအတိုင်း သဘာဝကျသော အဓိပ္ပာယ်ကောက်ယူရန် တရားသူကြီး၏ တာဝန်ဖြစ်ကြောင်း" ဆုံးဖြတ် စီရင်ထုံးလည်း ရှိသည်။

**[ဂျီ၊ အင်၊ ဘနာဂျီနှင့် ထောင်ပိုင်ဝန်၊ ၁၉၄၈၊ မတစ၊ ၁၉၉ ]**

**မမှန်မကန် ပြုလုပ်မှုကို နှိမ်နင်းရမည်**

"ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မမှန်မကန် ပြုလုပ်မှုကို နှိမ်နင်းရမည်ဖြစ်ပြီး တရားမျှတမှုအတွက် ကုစားမှုပြုနိုင်ရန် အဓိပ္ပာယ်ဖွင့်ရမည်။ အဓိပ္ပာယ်ကောက်ယူရာတွင် မတင်းလွန်းစေရ"

**[၁၉၅၁၊ မတစ၊ ၁၆၉၊ တရားလွှတ်တော်ချုပ်]**

**အဓိပ္ပာယ်နှစ်မျိုးကောက်ယူနိုင်လျှင်**

အဓိပ္ပာယ်နှစ်မျိုးကောက်ယူနိုင်လျှင် တရားမျှတမှုဖြစ်စေသော၊ အဆင်ပြေစေသော၊ အကျိုးသင့်အကြောင်းသင့်ဖြစ်သော၊ ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီသော အဓိပ္ပာယ်ကို ကောက်ယူရမည်။

**[ကိုအေးနှင့် ရာဆူးလ်ဘီဘီအမှု၊ ၁၉၅၀၊ မတစ၊ ၂၈၈]**

**အစွဲအလမ်း မရှိဘဲ**

"တရားသူကြီးသည် ဥပဒေတွင် ပါရှိသည့်အတိုင်း အစွဲအလမ်းမရှိဘဲ အမြင်ကျယ်ကျယ်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန်မှာ တရားသူကြီး၏တာဝန်ဖြစ်ကြောင်း၊ ဥပဒေပြုလွှတ်တော်၏ ဉာဏ်ရည်ထက်မြက်မှုကို စုံစမ်းရန်မဟုတ်ကြောင်း၊ မိမိ၏ ထင်မြင်ယူဆချက်ကို အသားပေး၍ ဖွင့်ဆိုရန် မသင့်ကြောင်း ဥပဒေပြုလွှတ်တော်က သုံးစွဲထားခြင်းမရှိသော စကားရပ်များဖြင့် ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် မသင့်ကြောင်း" ဖွင့်ဆိုခဲ့သည်။

**[ဦးအုန်းခင်နှင့် နိုင်ငံတော်အမှု၊ ၁၉၅၁၊ မတစ၊ ၂၂၆ ]**

"ဥပဒေကို ဖွင့်ဆိုရာတွင် ဥပဒေ၌ သုံးစွဲထားသော စကားလုံးများ ရှင်းလင်းပါက အထိရောက်ဆုံး အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ပြီး ရှင်းလင်းသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန်ဖြစ်ကြောင်း" လမ်းညွှန်ထားသည်။

**[နိုင်ငံတော်နှင့် ဦးခင်မောင်လတ်၊ ၁၉၅၂၊ မတစ၊ ၁၁၄]**

"ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ယေဘုယျဥပဒေသမှာ စကားရပ်တစ်ရပ်သည် တူညီသော အဓိပ္ပာယ်ဆောင်သင့်သည်။ သို့ရာတွင် ဥပဒေတစ်ရပ်တည်းတွင် ဖြစ်စေ၊ ပုဒ်မတစ်ခုတည်းတွင်ဖြစ်စေ စကားလုံးတစ်ခုကို ခြားနားသောအဓိပ္ပာယ်ဆောင်စေရန် သုံးနှုန်းထားခြင်းလည်း ဖြစ်နိုင်သည်။ စကားစပ်မရှိသော စကားလုံးသည် အဓိပ္ပာယ်မရှိ။ စကားစပ်အရ စကားလုံးများကို အဓိပ္ပာယ်ကောက်ယူရမည်"

**[၁၉၅၅၊ မတစ၊ စာ-၅၄၊ တရားလွှတ်တော် ]**

**အဓိကရည်ရွယ်ချက်**

တရားဥပဒေကို ပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများကို လိုက်နာကျင့်သုံးရန် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းပေး ခြင်းဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု (Rule of Law)ရှိမှသာလျှင် ရပ်ရွာအေးချမ်းသာယာပြီး ပြည်သူအများ စိတ်ချမ်းသာမည်ဖြစ်ပါသည်။ အုပ်ချုပ်မှုအာဏာပိုင်ကသော်လည်းကောင်း၊ တရားသူကြီးကသော်လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အောက်ပါအချက်များကို သတိမူသင့်ကြောင်း လေ့လာသိရှိရပါသည်။

(က) ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ရပါမည်။

(ခ) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပါ ဖွင့်ဆိုချက်နှင့် ညီညွတ်မှုရှိရပါမည်။

(ဂ) ဥပဒေတွင် သုံးစွဲထားသည့်စကားလုံးများ၏ နေ့စဉ်သုံးအဓိပ္ပာယ်ကိုကောက်ယူ၍ ဖွင့်ဆိုသင့်ပါသည်။

(ဃ) အဓိပ္ပာယ်နှစ်မျိုးကောက်ယူနိုင်ပါက တရားမျှတမှုနှင့် ကျိုးကြောင်း ဆီလျော်မှုရှိသော အဓိပ္ပာယ်ကောက်ယူရပါမည်။

(င) ယင်းဥပဒေပါ ပြဋ္ဌာန်းစဉ်က ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းအပေါ် ဆွေးနွေးချက်များ၊ မှတ်တမ်းများ၊ ဆုံးဖြတ်ချက်များကို အခြေပြု၍ ဥပဒေပြုလွှတ်တော်၏ ရည်ရွယ်ချက်ကို လေ့လာသင့်ပါသည်။

**[ဦးဗကြိုင်၊ ဘီအေ ၊ ဘီအယ်လ် ပြုစုတင်ပြသော ဥပဒေနှင့်ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရခြင်းစာတမ်း၊ ၂၀၀၀ ပြည့်နှစ် ၊ စက်တင်ဘာလမှ ကောက်နုတ်ချက် ]**

**၁၉၄၇ ၊ အခြေခံဥပဒေ**

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၁ တွင်- "တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ယူရလောက်အောင် ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာတစ်ရပ်ပေါ်ပေါက်လာသည်ဟု သော်လည်းကောင်း၊ ပေါ်ပေါက်ရန် အကြောင်းရှိသည်ဟုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို ထင်မြင်ယူဆခဲ့သော်၊ ထိုပြဿနာကို စဉ်းစားစေရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်သည် ဟု လည်းကောင်း

- ပုဒ်မ ၁၅၇ ၊ ပုဒ်မ ၁၇၀၊ ပုဒ်မ ၁၈၀ ၊ ပုဒ်မခွဲ(၆) နှင့်ပုဒ်မ ၁၈၆ တို့အရ ပြည်နယ်ကောင်စီမှ အတည်ပြုပြီးသော ဥပဒေကြမ်းများကို အခြေခံဥပဒေနှင့် ဆန့်ကျင့်ခြင်းရှိ၊ မရှိ ပြဿနာကို ဆုံးဖြတ်ပေးနိုင်ရန် နိုင်ငံတော်သမ္မတသည် မိမိသဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ ထိုဥပဒေကြမ်းကို လွှဲအပ်နိုင်သည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

**၁၉၇၄ ၊ အခြေခံဥပဒေ**

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၀(ခ)တွင် - "ပုဒ်မခွဲ(က)ပါ ဥပဒေက ပြဋ္ဌာန်းထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ရန်သော်လည်းကောင်း၊ စကားရပ်များကို ထပ်မံ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်သော်လည်းကောင်း လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ပြုလုပ်နိုင်သည် "ဟု ပြဋ္ဌာန်းထားသည်။

- ပုဒ်မ ၂၀၀(ဂ)တွင် "နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန်လိုအပ်ပါက "ပြည်သူ့လွှတ်တော်" ကသာ ဆုံးဖြတ်ရမည်။"ဟု ပြဋ္ဌာန်းထားသည်။

- ပုဒ်မ ၂၀၁ အရ ပြည်သူ့လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လိုအပ်သလို အခါအားလျော်စွာ ထုတ်ပြန်နိုင်ကြောင်း တွေ့ရသည်။

**၂၀၀၈ ၊ အခြေခံဥပဒေ**

၂၀၀၈၊ အခြေခံဥပဒေ ၊ အခန်း(၁) ၊ အခြေခံမူများ၊ ပုဒ်မ ၄၆တွင် -

"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော် ၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိစိစစ်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား ပြည်ထောင်စုနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပေါ်သည့်နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့်အခြားတာဝန်များဆောင်ရွက်ခြင်းတို့ကို ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးဖွဲ့စည်းရမည်"ဟု ပြဋ္ဌာန်းထားသည်။

**၂၀၀၈၊ အခြေခံဥပဒေပုဒ်မ ၃၂၂ အရ -**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းခဲ့ပြီးဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း အပါအဝင် လုပ်ငန်းတာဝန်(၇)ရပ် ဖော်ပြထားပေသည်။ အကျယ်လေ့လာနိုင်ပါသည်။

**ဥပဒေခရီးရှေ့သို့**

ဥပဒေပညာကို လေ့လာလိုက်စားသော အလုပ်သင်ရှေ့နေကလေး၏ အမေးကို တတ်စွမ်းသမျှ ကျွန်တော်ဖြေသည့်ဥပဒေအတွေး၊ ဥပဒေ အရေးမျှသာပါ။ ဥပဒေခရီးအဝေးကြီးမို့ ရှေ့သို့ချီပါလေဦး...။

တရားဥပဒေကိုပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများကို လိုက်နာကျင့်သုံးရန် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းပေးခြင်းဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု (Rule of Law) ရှိမှသာလျှင် ရပ်ရွာအေးချမ်းသာယာပြီး ပြည်သူအများစိတ်ချမ်းသာမည်ဖြစ်

# ကျွန်းကုန်းကျေးရွာတွင် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအား စိတ်အားထက်သန်စွာ အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာသစ်အုပ်စု ကျွန်းကုန်းကျေးရွာတွင် မြန်မာဆယ်မာအူးလ်အွန်ဒုန် Myanmar Saemau Undong ရန်ပုံငွေဖြင့် ရွာလယ်ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရွာတွင်းသုံး ရေလှောင်ကန် ဆောက်လုပ်ခြင်းများအား ရွာသူရွာသားများ၏လုပ်အားဖြင့် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအဖွဲ့အတွင်းရေးမှူး ဦးရဲမြင့်ထံမှ သိရသည်။ အဆိုပါကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းအား ၂၀၁၂ ခုနှစ်တွင် မြန်မာနှင့် ကိုရီးယားနိုင်ငံသမ္မတများ စတင်ဆွေးနွေးခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင် ရွေးချယ်ရေးကော်မတီမှ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၁၀၀ အား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဆယ်မာအူးလ်အွန်ဒုန် (ကျေးရွာသစ်လှုပ်ရှားမှု) ရရှိသည့် စီမံကိန်းကျေးရွာများမှာ နေပြည်တော်ကောင်စီနယ်မြေတွင် ရွာ ၄၀၊ ရှမ်းပြည်နယ်တွင် ၁၀ ရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ငါးရွာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငါးရွာ၊ မွန်ပြည်နယ်တွင် ငါးရွာနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ငါးရွာစသည်ဖြင့်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသစ်လှုပ်ရှားမှုအတွက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ ဇရပ်ကွင်းကျေးရွာတွင် မြန်မာဆယ်မာအူးလ်အွန်ဒုန် သင်တန်းကျောင်းဖွင့်လှစ်၍ စံပြကျေးရွာမှ ကျေးရွာခေါင်းဆောင်များအား ကျေးရွာအဆင့် ဆယ်မာအူးလုပ်ငန်း တိုးမြှင့်ပျံ့နှံ့စေပြီး စံပြကျေးရွာများ စီမံကိန်းအောင်မြင်စေရန် သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးကျော် (ပျဉ်းမနား)**



# ချောင်းဦးမြို့နယ်ရှိ ရေဝင်ရောက်သည့် ကျေးရွာများထောက်ပံ့ပစ္စည်းများ ပေးအပ်

**ချောင်းဦး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းမှ ချင်းတွင်းမြစ်ရေဝင်ရောက်လျက်ရှိသော ကျေးရွာများတွင် နေထိုင်သည့် ပြည်သူများအတွက် အလှူငွေနှင့် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ဩဂုတ် ၂ ရက်က ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်သည့် အလှူငွေ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသော ချောင်းဦး မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မတည်ရန်ပုံငွေ ကျပ်သုံးသိန်းကိုတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကံဇာမုံတို့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်း မြင့်ထံသို့လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအတွက် အရေးပေါ်သုံး ကျန်းမာရေးပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးဝင်းမြင့်ခင်တို့က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ချောင်းဦးမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေ ဝင်ရောက်နေသည့် ကျေးရွာများမှာ ညောင်ပင်သာကျေးရွာ၊ ဘုံတိုကျေးရွာနှင့် ကျွန်းသာယာကျေးရွာတို့ဖြစ်ပြီး ယခုလှူဒါန်းသော အရေးပေါ်သုံး ကျန်းမာရေးပစ္စည်းများကို အဆိုပါ ကျေးရွာများသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီးနောက် ဝန်ကြီးများနှင့် အဖွဲ့သည် ချင်းတွင်းမြစ်ရိုး တစ်လျှောက် တာရိုးတာပေါင်နှင့် မြစ်ရေအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောင်းသားကျောင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**တောင်ငူ ဩဂုတ် ၄**

ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် လုပ်ငန်းလိုအပ်ချက်များနှင့် သက်ဆိုင်သော စကားဝိုင်းဆွေးနွေးပွဲကို တောင်ငူတက္ကသိုလ် သတ္တဗေဒဌာနက ကြီးမှူး၍ Steps for the Future ခေါင်းစဉ်ဖြင့် ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည်။




တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီးဒေါက်တာတင်ထွန်း၊ PS Business school မှ ဦးမျိုးမင်း၊ ဦးဥက္ကာမြင့်(HR Consultant,Omega)၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဦးလှဘုန်းအောင်နှင့် Top HR solution မှ ဒေါ်မော်မော်ထွန်းတို့က ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆိုင်ရာများနှင့် အနာဂတ်အတွက် ပြင်ဆင်ထားသင့်သည့်အချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တောင်ငူတက္ကသိုလ်မှ ပါမောက္ခများနှင့် ဆရာဆရာမများ၊ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကိုလည်း ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

# မျိုးသန့်မျိုးပွားစံပြကွက် သိပ္ပံနည်းကျစိုက်ပျိုးမှု သရုပ်ပြ

**မိုးနဲ ဩဂုတ် ၄**

ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ်အတွင်းမှ တောင်သူများ စပါးမျိုးကောင်းမျိုးသန့်များကို ရရှိစိုက်ပျိုးနိုင်စေရန်ရည်ရွယ်၍ ရွှေရင်အေးမျိုးသန့်မျိုးပွားစံပြကွက် နှစ်ကေ၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့်စိုက်ပျိုးမှု သရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ နမ့်စလိုင်ကျေးရွာ၌ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

စံပြစိုက်ကွက် သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုဘွယ်က ကြီးကြပ်ပြီး ဝန်ထမ်းများနှင့် ကောက်စိုက်တောင်သူများက သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့်စိုက်ပျိုးမှုကို ပူးပေါင်းသရုပ်ပြကြကာ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများက လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်/မယ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများကျင်းပ

**ဘားအံ ဩဂုတ် ၄**

ဘားအံတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်၊ ကာယအလှမယ်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြမြအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင် ပြိုင်ပွဲကို စတင်ကျင်းပပြီး ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဆုများချီးမြှင့်ပေးအပ်သည်။ ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကိုလည်းကောင်း၊ ဘာသာရပ်ပေါင်းစုံ အမျိုးသမီးကာယ ကြံ့ခိုင်မှုပြိုင်ပွဲကို အရပ် ၅ ပေ ၃ လက်မ အထက်နှင့်အောက် နှစ်တန်းခွဲ၍လည်းကောင်း ဆက်လက်ကျင်းပခဲ့သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



# မိုင်းရှူးမြို့အဝင်နှင့် တန့်ယန်းမြို့ထွက်၌ ယာဉ်များစစ်ဆေး

**မိုင်းရှူး ဩဂုတ် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်၌ ဇူလိုင်လစတုတ္ထပတ်က မိုင်းရှူးမြို့မ ရဲစခန်းမှူး ဒုရဲမှူး သန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဦးစီးရဲအုပ် ဝင်းဆန်းဦးစီးသောတပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့ဝင်နှစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်နှစ်ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ မြို့နယ်ပြန်/ဆက်တစ်ဦးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် ရက် ၁၀၀ စီမံချက်အရ မိုင်းရှူးမြို့အဝင်နှင့် တန့်ယန်းမြို့အထွက်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကော့ကရိတ်မြို့တွင် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသည့်အန္တရာယ်များစာတမ်းဖတ်ပွဲကျင်းပ

**ကော့ကရိတ် ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသည့်အန္တရာယ်များ စာတမ်းဖတ်ပွဲကို ဇူလိုင်လ စတုတ္ထပတ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌဒေါ်ခင်မေထွေးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသည့် အန္တရာယ်များစာတမ်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိခိုင်က အစဉ်အလာကြီးမားသောမြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိပါးခြိမ်းခြောက်လာသည့်အန္တရာယ်များအား သတိပြုသိရှိပြီး ကာကွယ်စောင့်ရှောက်ရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်ချက်ဖြင့် ယခုစာတမ်းအား ပြုစုရခြင်းဖြစ်ကြောင်း စာတမ်းကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဆောင်ခန်းမ၌ အဆိုပါစာတမ်းအားအထက်တန်းပြဆရာမ ဒေါ်နော်ယဉ်ယဉ်စုက ဖတ်ကြားပေးခဲ့သည်။ အဆိုပါစာတမ်းဖတ်ပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအတွင်းရေးမှူးဒေါ်နန်းပုလဲဖြူနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**

# ဖြူးမြို့နယ်တွင် မိုးစပါးလျာထားချက် ၇၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

**ဖြူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ယခု ၂၀၁၆ ခုနှစ် မိုးရာသီတွင် မိုးစပါးများကို ကျေးရွာအုပ်စု ၅၉ အုပ်စု နှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူလယ်သမားများက စိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၁ ရက်အထိ ဧက ၁၁၃၂၈၁ ဧက ကို စိုက်ပျိုးပြီးဖြစ်၍ စုစုပေါင်း လျာထားဧက၏ ၇၄ ဒသမ ၈ ရာခိုင်နှုန်းကို စိုက်ပျိုးပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၆ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးခဲ့ရာတွင် မိုးခေါင်ပြီး မိုးရွာသွန်းမှု နည်းပါးခြင်းနှင့် လယ်ယာလုပ်သား ရှားပါးခြင်းတို့ကြောင့် မိုးစပါးစိုက်ပျိုးရာတွင် နောက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များက ယခုအချိန်တွင် သတ်မှတ်လျာထားသော မိုးစပါးစိုက်ဧကအားလုံးကို ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးရေကို မျှော်ကိုးစောင့်စားနေကြရသည့် လယ်သမားများမှာ စိုက်ပျိုးရေမရရှိသဖြင့် လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေကြရကြောင်း ဒေသခံ တောင်သူလယ်သမားအချို့က ပြောသည်။

လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လယ်ကွင်းများအတွင်း ရေလုံလောက်စွာရရှိစေရန်နှင့် မြေအောက်ရေ ရရှိအသုံးပြုနိုင်အောင် ရေလိုအပ်သည့် လယ်မြေများအတွင်း ပိုက်တွင်းများ နိုင်ငံတော်မှ တူးဖော်ပေးနိုင်မည်ဆိုပါက လယ်ယာ ကုန်ထုတ်စွမ်းအားများ ယခုထက်ပို၍ တိုးတက်ထွက်ရှိလာမည်ဖြစ်ကြောင်းလည်း ဖြူးမြို့နယ် ဂျေရမ်ပူကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

ဖြူးမြို့နယ်သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းမှ မြို့နယ်ခြောက်ခုတွင် အပါအဝင်ဖြစ်ပြီး ကျန်မြို့နယ်များဖြစ်သည့် တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းနှင့် ကျောက်ကြီး မြို့နယ်များထက် မိုးစပါးစိုက်ဧက အများဆုံးစိုက်ပျိုးထုတ်လုပ်သော မြို့နယ်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုနည်းပြသင်တန်းဆင်း

**ညောင်လေးပင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းက စီစဉ်ဖွင့်လှစ်ခဲ့သော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုနည်းပြသင်တန်းဆင်းပွဲကို ဩဂုတ် ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်သန်းနုက အမှာစကားပြောကြားပြီး ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုးက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို သင်တန်းသားများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကြူထံသို့ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်တစ်ဦးနှင့် လက်ထောက်တစ်ဦးစီဖြင့် စုစုပေါင်း ၃၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ သုံးရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**မိုးညို ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်နှင့် ဒုရဲမှူးဝင်းထွန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးတို့ကို အသိပညာပေးဟောပြောသည်။ မြို့နယ်ရဲမှူးက မြို့နယ်အတွင်းရှိ ဆိုင်ကယ်သမားများကို ဦးထုပ်နှင့်မှန်မပါလျှင် လောလောဆယ်အရေးယူနေပါကြောင်း၊ ယာဉ်မောင်းလိုင်စင်ကိုမြို့နယ်သို့လာရောက်လုပ်ပေးပြီး နောက်ပိုင်းတွင် မောင်းလိုင်စင်မပါသူများကို အရေးယူသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် သိစေလိုကြောင်း၊ သွားလာရေးများအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးနေခြင်းသာဖြစ်ကြောင်းနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များဥပဒေနှင့်အညီ စည်းကမ်းချက်များအတိုင်း မောင်းနှင်ကြရန်လိုကြောင်း ပြောကြားသည်။

မြို့နယ်အတွင်းမှုခင်းများ ကျဆင်းလျော့နည်းပပျောက်ရေးအတွက် ပြည်သူများကဥပဒေဘောင်အတွင်း နေထိုင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

(ဝ၆၃)



တောင်ငူမြို့ ၁၈ ရပ်ကွက်ရှိ ကေတုမတီ ဘိုးဘွားရိပ်သာကို ဩဂုတ် ၂ ရက်က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခနှင့် ဦးအေးမင်းဝင်းတို့က ရိပ်သာရှိ တာဝန်ရှိသူများထံသို့ သွားရောက်ပေးအပ်လှူဒါန်းစဉ် သူရ(တောင်ငူ)

# မြိတ်မြို့သို့ နိုင်ငံခြားသား လာရောက်မှု စနစ်တကျဖြစ်စေရေးနှင့် ဗီဇာစည်းမျဉ်းစည်းကမ်းနှင့်အညီနေထိုင်ရေး ဆွေးနွေး

**မြိတ် ဩဂုတ် ၄**
ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှု၊ စက်ရုံအလုပ်ရုံများ ဖွံ့ဖြိုးလာမှုနှင့်အတူ မြိတ်မြို့၏ ခရီးသွားလုပ်ငန်းနှင့် စက်ရုံအလုပ်ရုံများတွင် နိုင်ငံခြားသားများ လာရောက်မှုတိုးလာလျက်ရှိရာ နိုင်ငံခြားသားများလာရောက်မှုစနစ်တကျရှိစေရေးနှင့် ဗီဇာစည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်ရေးအတွက် ဆွေးနွေးပွဲကို မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး၌ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြိတ်မြို့နယ်အတွင်းမှ ဟိုတယ်လုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများအား မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးခင်လတ်က ဟိုတယ်များတွင် တည်းခိုနေထိုင်ကြသည့် နိုင်ငံခြားသားများနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ လဝကသို့ ညှိစာရင်းတိုင်ကြားရေး၊ စက်ရုံအလုပ်ရုံ ကုမ္ပဏီများမှ နိုင်ငံခြားသားများအနေဖြင့် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တရားဝင်ခွင့်ပြုပေးပြီး ကုမ္ပဏီမှစီစဉ် ပေးထားသည့် နေအိမ်များ၌သာ တည်းခိုနေထိုင်ခွင့်ရှိပြီး ဗီဇာစည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ကြရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန(မြိတ်)မော်တောင်ရုံးခွဲမှ တာဝန်ခံ ဦးမိုးကျော်အောင်က ခရီးသွားလုပ်ငန်းဖြင့် ရောက်ရှိလာကြသော နိုင်ငံခြားသားများအနေဖြင့် သတ်မှတ်ထားသည့် ဗီဇာစည်းမျဉ်းစည်းကမ်းအတိုင်း လိုင်စင်ရဟိုတယ်များတွင်သာ တည်းခိုနေထိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးချက်များနှင့်ပတ်သက်၍ အဆောင်ကောင်းကုမ္ပဏီမှ ဦးဇော်ထွန်းအောင်က နိုင်ငံခြားသားအဝင်ကို သက်ဆိုင်ရာသို့ သတင်းပို့ရပြီး နိုင်ငံခြားသားအထွက်ကို သတင်းပို့ရန် လိုမလိုနှင့် ဗင်းတေ့ချ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပတ်စ်ပို့နှင့်အတူ ငါးဖမ်းစက်လှေဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို သက်တမ်းတိုးလျှောက်ထားပေးခြင်း ရှိမရှိတို့ကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခိုင်ထူး(ပြန်/ဆက်)**



# ရေကြီးနစ်မြုပ်ခဲ့သော စပါးခင်းများအတွက် မျိုးစပါး ၃၉ တင်းကို အခမဲ့ဖြန့်ဝေပေး

**ကွမ်းလုံ ဩဂုတ် ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကောင်းကဲကျေးရွာ၌ ရေကြီးရေလျှံမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော စပါးနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများ ရေမြုပ်ပျက်စီးခဲ့ရာ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဩဂုတ် ၂ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကောင်းကဲကျေးရွာ အုပ်ချုပ်မှုးရုံး၌ ပြုလုပ်ခဲ့သည့် မျိုးစပါးများ ဖြန့်ဝေပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်မင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးလွင်က ရေကြီးနစ်မြုပ်သွားသော စိုက်ခင်းများတွင် တောင်သူများအနေဖြင့် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ကြရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါးများ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မျိုးစပါး ၃၉ တင်းကို ဒေသခံတောင်သူများထံသို့ တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ဖြန့်ဝေပေးခဲ့သည်။
**မိုင်းခိုင်ဇော် (ပြန်/ဆက်)**

# ဆယ်ကျော်သက်လူငယ်များ စာစီစာကုံးပြိုင်ပွဲဆုပေးပွဲနှင့် ပုံပြောပွဲ မြိုင်မြို့နယ်၌ကျင်းပ

**မြိုင် ဩဂုတ် ၄**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း Action aid Myanmar စီမံကိန်းဝင် ကျေးရွာ ၃၀ မှ ဆယ်ကျော်သက်လူငယ်မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သော မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲနှင့် ပုံပြင်ပြောပွဲကို မြိုင်မြို့နယ် အိုင်းမကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် ကျေးရွာ ၃၀ မှ လူငယ် ၄၉၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုအထဲမှ ကျေးရွာအဆင့်ဆုရရှိသူ ၁၈၀ ကိုရွေးချယ်၍ ယင်း ၁၈၀ မှ အုပ်စုအဆင့်တွင် ၂၄ ဦးကို ထပ်မံရွေးချယ်ပြီး ထို ၂၄ ဦးမှတစ်ဆင့် မြို့နယ်အဆင့် ခြောက်ဦးကို ထပ်မံရွေးချယ်ခဲ့ကြကာ ဆုရရှိသူများအား Action aid Myanmar အဖွဲ့မှတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

# ဦးဝင်းတင်စာကြည့်တိုက်ဆောက်မည်

**ကြို့ပင်ကောက် ဩဂုတ် ၄**
အမျိုးသားဒီမိုကရေစီပါတီ၏နာယကကြီး ဟံသာဝတီဦးဝင်းတင်ကို ဂုဏ်ပြုသောအားဖြင့် စာကြည့်တိုက်တစ်ခုကို ကြို့ပင်ကောက်မြို့၌ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ ဦးဝင်းတင်စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ရှိ စိတ်ပါဝင်စားသော ကြို့ပင်ကောက်မြို့သားများ၊ ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) မှ အမှုဆောင်များနှင့် ကြို့ပင်ကောက်မြို့မှ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီတို့ စုပေါင်း၍ အစည်းအဝေးတစ်ခုကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိစန္ဒာဆေးရုံ၌ ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပသည်။

စာကြည့်တိုက်ဆောက်လုပ်ရေးအတွက်မြေနေရာကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရွေးချယ်သတ်မှတ်ပေးပြီး ကြို့ပင်ကောက်မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ဖြစ်မြောက်ရေးကော်မတီတို့ ပူးပေါင်း၍ မြေနေရာရှင်းလင်းခြင်း၊ အဆောက်အအုံပုံစံထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ အဆောက်အအုံကို ခံ့ညားထည်ဝါစွာ ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေများ စတင်စုဆောင်းနေပြီဖြစ်၍ စိတ်ပါဝင်စားသူ မြို့နယ်သူ မြို့နယ်သားများသည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိစန္ဒာဆေးရုံ ဖုန်း-၀၁-၆၄၀၂၅၉၊ ၀၁-၆၄၀၂၆၂၊ ၀၁-၆၄၇၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မာမာမြင့်**

# ငါးသယံဇာတ ပြုန်းတီးမှုမရှိရေး ပညာပေးဟောပြောပြီး စုပေါင်း ငါးမျိုးစိုက်ထည့်

**ခရမ်း ဩဂုတ် ၄**
ရန်ကုန်(တောင်ပိုင်းခရိုင်) ခရမ်းမြို့နယ်အတွင်း ငါးသယံဇာတ ပေါကြွယ်ဝပြီး ငါးမျိုးပြုန်းတီးမှုကို ကာကွယ်နိုင်ရေးအတွက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး ငါးမျိုးပြုန်းတီးမှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ် ကြာကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် ကြာကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ တောင်သူလယ်သမားများ၊ အမကကြာကန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်က ငါးသယံဇာတများ ထိန်းသိမ်းရေးနှင့် ငါးများမျိုးတုံးခြင်းမှ ကာကွယ်ရေးအတွက် ရှောင်ရှားသင့်သည့် အချက်များ၊ ရေနေသယံဇာတများ လျော့နည်းလာရသည့် အကြောင်းရင်းများ၊ ငါးများမျိုးတုံးခြင်းမှ ကာကွယ်ရန်နည်းစနစ်များ၊ ငါးဖမ်းဆီးခြင်းနှင့်ပတ်သက်၍ တားမြစ်ကန့်သတ်ထားသည့် ငါးဖမ်းနည်းစနစ်များနှင့် အရေးယူခံရနိုင်သည့် ပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောသည်။ ထို့နောက် ဒေသခံတောင်သူလယ်သမားများက စပါးနှင့်ငါး ပူးတွဲစိုက်ပျိုးမွေးမြူနည်းစနစ်များမှ နည်းစနစ်ကောင်းများနှင့် ဝင်ငွေတိုးပွားစေရန် ဆောင်ရွက်ရမည့်အချက်များအကြောင်း သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကျေးရွာချောင်းအတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ပွဲကို ပြုလုပ်ပြီး ဆက်လက်၍ လယ်ယာမြေများတွင် ငါးမျိုးစိုက်ထည့်မွေးမြူလိုသည့် တောင်သူများအား ငါးသားပေါက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးတို့က ပေးအပ်ခဲ့သည်။ ကျေးရွာချောင်းအတွင်းနှင့် စပါးခင်းများအတွင်း စုပေါင်းငါးမျိုး စိုက်ထည့်ရာတွင် ငါးမြစ်ချင်းသားပေါက် ကောင်ရေ တစ်သိန်း၊ ငါးခေါင်းပွ ကောင်ရေ သုံးသောင်းနှင့် မြက်စားငါးကြင်း ကောင်ရေ နှစ်သောင်း စုစုပေါင်း ငါးသားပေါက် ကောင်ရေ တစ်သိန်းငါးသောင်းကို မျိုးစိုက်ထည့်ခဲ့သည်။ **ကိုမင်း(ခရမ်း)**

# ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုအခြေအနေများ ရှင်းလင်း

**ကလေး ဩဂုတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခင်နှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်က အမှာစကား ပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ယခင်နှစ်ကဲ့သို့ ကလေးဒေသတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက ရေဘေးကယ်ဆယ်ရေးနှင့်ပတ်သက်၍ ဇုန်ငါးဇုန်ဖွဲ့စည်းကာ ပြင်ဆင်ထားမှုအခြေအနေ၊ ဇုန်တစ်ခုချင်းအလိုက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်မည့်အစီအစဉ်များ၊ ရေဝင်ရောက်နိုင်မည့် အိမ်ခြေနှင့် လူဦးရေစာရင်းကောက်ခံပြီးစီးမှုအခြေအနေ၊ အဆိုပါ ဇုန်ငါးဇုန်အတွင်း ပျက်စီးနိုင်မည့် အိမ်ခြေစာရင်းနှင့် ခတ်ပုံရိုက်ကူးပြီးမှုအခြေအနေ၊ ကယ်ဆယ်ရေးအတွက် လူသုံးကုန်နှင့် အစားအသောက်များ ကြိုတင်စုဆောင်းထားရှိမှုအခြေ အနေနှင့် ကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လှေအစီး ၂၀ ကို ဇုန်အလိုက် ခွဲဝေထားရှိမှုအခြေအနေများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေဘေးကယ်ဆယ်ရေး ဇုန်ငါးဇုန်မှ တာဝန်ရှိခေါင်းဆောင်များက ဇုန်တစ်ခုချင်းစီတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဝန်ကြီးအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။
**ဂျူနိုင်း**

# ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မလှိုင် ဩဂုတ် ၄**
မလှိုင်မြို့နယ် ထန်းတောကျေးရွာ အလက ကျောင်းရှေ့၌ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးခြင်းကို မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ထန်းတောကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့ပြီး ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်းကြပ်မတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည် ။

"ကျွန်တော်တို့ ထန်းတောကျေးရွာ အလက ကျောင်းက မိတ္ထီလာ-မြင်းခြံကားလမ်းဘေးမှာ ရှိပါတယ်။ အလယ်တန်းကျောင်းဆိုတော့ ကျောင်းသားအငယ်တွေသာ များပါတယ်။ ကျောင်းဆင်းရင် ကားလမ်းကို အမြဲဖြတ်ကူးရပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေ ယာဉ်အန္တရာယ်မဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ပေးနေတာက ကားအသွားအလာများတဲ့ ပန်းအိုင်ဘုရားပွဲတော်ကျင်းပချိန် ဇူလိုင်လဆန်းပိုင်းကစပြီး ယနေ့အထိ နေ့စဉ် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ထန်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။ **အောင်ဌေး(မလှိုင်)**






# ကွန်မြူနတီဒိုင်းမှာ

# အောင်ပွဲခံမယ့်အသင်း



**ဝေမိုးဆက်**

၂၀၁၆-၁၇ ပရီမီယာလိဂ်ပြိုင်ပွဲ မစတင်ခင်မှာ ရာသီအဖွင့်ပွဲအဖြစ်ယှဉ်ပြိုင်ကစားလေ့ရှိတဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်ကို လာမယ့်ဩဂုတ် ၇ ရက်မှာ ဝင်ဘာလေကွင်း၌ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ပြီးခဲ့တဲ့နှစ်က ပရီမီယာလိဂ်ချန်ပီယံဆုကိုအရယူနိုင်ခဲ့တဲ့ လက်စတာနဲ့ ပြီးခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ မန်ယူတို့ယှဉ်ပြိုင်ကစားသွားကြမှာလည်းဖြစ်ပါတယ်။ အထူးသဖြင့် အဆိုပါ ကွန်မြူနတီဒိုင်းပြိုင်ပွဲသမိုင်းမှာ မန်ယူဟာအအောင်မြင်ဆုံး အသင်းတစ်သင်းဖြစ်နေသလို ဒီကွန်မြူနတီဒိုင်းကိုလည်း အကြိမ် ၂၀ တိတိအရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်စတာအသင်းကတော့ ဒီကွန်မြူနတီဒိုင်းကို ၁၉၇၁ ခုနှစ်က တစ်ကြိမ်အရယူထားနိုင်ခဲ့တာကြောင့် ဒီတစ်ကြိမ်တွေ့ဆုံမှု ဟာချန်ပီယံဟောင်းတွေရဲ့တွေ့ဆုံမှုဖြစ်ပြီးဘယ်အသင်းက ဗိုလ်စွဲနိုင်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

အထူးသဖြင့် ဒီနှစ်ဘောလုံးရာသီဟာ မန်နေဂျာမော်ရင်ညိုအတွက် မန်ယူမန်နေဂျာဘဝ ပထမဆုံးရာသီလည်း ဖြစ်နေပါတယ်။ မော်ရင်ညိုအနေနဲ့ မန်ယူအသင်းကို မကိုင်တွယ်ခင်တုန်းက ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ရီးရဲတို့ကိုကိုင်တွယ်ခဲ့ရာမှာလည်း ရာသီအဖွင့်ပွဲအဖြစ်ကစားရတဲ့စူပါဖလားပွဲတွေမှာ အောင်မြင်မှုရရှိခဲ့ဖူးတဲ့အစဉ်အလာကောင်းတွေကိုလည်း ပိုင်ဆိုင်ထားခဲ့တဲ့ မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ ပေါ်တိုကို ကိုင်တွယ်ခဲ့စဉ်တုန်းက ၂၀၀၃ ခုနှစ်မှာ ပေါ်တူဂီစူပါဖလားကို အရယူပေးနိုင်ခဲ့သလို ချယ်လ်ဆီးကိုကိုင်တွယ်ခဲ့တုန်းကလည်း ၂၀၀၅ ခုနှစ်မှာကွန်မြူနတီဒိုင်းကို အရယူပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အင်တာမီလန်ကို ကိုင်တွယ်ခဲ့တုန်းကလည်း အီတလီစူပါဖလားကို ၂၀၀၈ ခုနှစ်မှာ အရယူနိုင်ခဲ့ပြီး ရီးရဲကိုကိုင်တွယ်ခဲ့ရာမှာလည်း စပိန်စူပါဖလားကို ၂၀၁၂ ခုနှစ်မှာအရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် လည်း မော်ရင်ညိုအနေနဲ့မန်ယူကိုလည်း ရာသီအဖွင့် ပွဲစဉ်ဖြစ်တဲ့ဒီကွန်မြူနတီဒိုင်းပွဲစဉ်မှာ အောင်မြင်မှုရယူပေးနိုင်ကာ မန်ယူမန်နေဂျာဘဝအစကိုအောင်မြင်မှုနဲ့စတင်နိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

မော်ရင်ညိုအနေနဲ့ လက်ရှိအချိန်မှာလည်း မန်ယူကိုထိရောက်တဲ့အား ဖြည့်မှုတွေပြုလုပ်ထားနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ မော်ရင်ညိုဟာ လက်ရှိအချိန်မှာ ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမားပေါ့ဂ်ဘာကို ခေါ်ယူနိုင်ဖို့ကြိုးစားနေပြီး လက်ရှိအချိန်မှာ ပေါ့ဂ်ဘာဟာ မန်ယူကိုရောက်ရှိလာခဲ့ခြင်းမရှိသေးပေမယ့်လည်း မော်ရင်ညိုဟာ အီဘရာဟီမိုဗစ်၊ မီခီတာယန်၊ ဘိုင်လီတို့ကိုခေါ်ယူထားနိုင်ခဲ့တာကြောင့် မော်ရင်ညိုလက်ထက်မှာ မန်ယူရဲ့စုဖွဲ့မှုဟာ မနှစ်ကထက်တောင် ပိုမိုတောင့်တင်းမှု ရှိလာပါတယ်။

အထူးသဖြင့်မော်ရင်ညိုဟာ မန်ယူကိုကိုင်တွယ်ခဲ့ပြီးနောက်ပိုင်းမှာ ဒီနှစ်ရာသီအကြို ခြေစမ်းပွဲတွေအဖြစ် ဝီဂန်၊ ဒေ့ါမွန်တို့နဲ့ကစားခဲ့ရာမှာ မန်ယူဟာ ထင်သလောက်ခြေစွမ်းပိုင်းကောင်းမွန်မှု မရှိခဲ့ပါဘူး။ မန်ယူအနေနဲ့ ဝီဂန်နဲ့ပွဲမှာနှစ် ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းအရ သာမန်သာရှိခဲ့သလို ဒေ့ါမွန်နဲ့ကစားခဲ့တဲ့ အင်တာနေရှင်နယ် ချန်ပီယံဖလားပွဲစဉ်မှာလည်း ခြေစွမ်းပြနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၁-၄ ဂိုးနဲ့တောင် ဂိုးပြတ်အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မော်ရင်ညိုအနေနဲ့ ဒီရာသီမှာ မန်ယူကို တည်ငြိမ်မှုရှိ အောင်ကိုင်တွယ်နိုင်မှုရှိပါ့မလားဆိုတာကအစ သံသယဖြစ်စရာကောင်းလာခဲ့သလို အဆိုပါခြေစွမ်းမျိုးနဲ့ဆိုရင်ဒီကွန်မြူနတီဒိုင်းပွဲစဉ်မှာလည်းနိုင်ပွဲရယူနိုင်ပါ့မလားဆိုတာကအစ သံသယဖြစ်ရာကောင်းလာပါတယ်။ ဒါပေမယ့်လည်း အဆိုပါပွဲစဉ်တွေမှာမန်ယူဟာ လူမစုံခဲ့တာကိုတော့သတိပြုရမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ ဝီဂန်နဲ့ပွဲစဉ်မှာ ဘလင်း၊ လုခ်ရှော၊ ကာရစ်၊ ဟာရီယာ၊ လင်ဂတ်၊ ဒီပေး၊ မီခီတာယန်၊ ဘိုင်လီတို့ကို ပွဲထွက်သုံးခဲ့သလို ယာနူဇိုင်း၊ ဗလန်စီယာ၊ မာတာ၊ အက်ရှ်လေယန်း၊ ဖီးလ်ဂျုံးစ်တို့ကို ဒုတိယပိုင်းမှာ ထည့်သွင်းခဲ့တာမှန်ပေမယ့်လည်း အဆိုပါကစားသမားတွေအထဲ ရာသီသစ်မှာမော်ရင်ညိုရဲ့ အဓိကကစားသမားဖြစ်လာနိုင်သူတွေပါဝင်မှု နည်းလွန်းနေပါတယ်။

အထူးသဖြင့် အီဘရာဟီမိုဗစ်၊ မီခီတာယန်၊ ရွှန်နေး၊ ဟာရီယာ၊ မာတီရယ်၊ ကာရစ်၊ ဘိုင်လီ၊ စမောလင်း၊ ဗလန်စီယာ၊ လုခ်ရှော၊ ဒီဂီယာတို့လိုရာသီသစ်မှာ မော်ရင်ညိုအဓိကအားပြုနိုင်တဲ့ ကစားသမားတွေအထဲက မီခီတာယန်၊ ဟာရီယာ၊ ကာရစ်၊ ဘိုင်လီ၊ ဗလန်စီယာ၊ လုခ်ရှောတို့လောက်သာပါဝင်ခဲ့ပြီး အဆိုပါကစားသမားတွေဟာလည်း ပွဲချိန်ပြည့်ကစားခွင့်လည်း မရရှိရှိခဲ့ကြပါဘူး။ ဒေ့ါမွန်နဲ့ပွဲမှာဆိုရင်လည်း ရွှန်နေး၊ အီဘရာဟီ မိုဗစ်၊ မာတီရယ်၊ စမောလင်း၊ ဒီဂီယာတို့လို အဓိကကစားသမားတွေပါဝင်ခဲ့ခြင်းမရှိပြန်တာကြောင့် အဆိုပါခြေစမ်းပွဲတွေက မန်ယူရဲ့ခြေစွမ်းပိုင်းကို ရာသီသစ်မှာမြင်ရမယ့်ခြေစွမ်းအစစ်အမှန်လို့ ယူဆဖို့ ခက်ခဲနိုင်ပါတယ်။

တကယ်တော့ မန်ယူဟာ လက်ရှိအချိန်မှာ မော်ရင်ညိုရဲ့တည်ဆောက်မှုအောက်မှာသာ ရှိသေးပြီး ဆိုခဲ့ပြီးတဲ့အတိုင်းအဓိကကစားသမား အများစုလည်း မပါဝင်ခဲ့သေးတာကြောင့် အဆိုပါခြေစမ်းပွဲတွေက ခြေစွမ်းပိုင်းဟာ မန်ယူရဲ့ခြေစွမ်းအစစ်အမှန်မဟုတ်ဘူးလို့တောင် ဆိုနိုင်သလို မော်ရင်ညိုအနေနဲ့ ဒီပွဲစဉ်ဟာ ရာသီအဖွင့်ပွဲဖြစ်သလို တရားဝင်ဆုတံဆိပ်ရရှိမယ့်ပြိုင်ပွဲဖြစ်ကာ မှတ်တမ်းကောင်းတစ်ခုကိုလည်းပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီပွဲစဉ်ဟာ မော်ရင်ညိုအနေနဲ့ မန်ယူမန်နေဂျာဘဝ ပထမဆုံး အောင်မြင်မှုဖြစ်လာနိုင်တာကြောင့် မော်ရင်ညိုဟာ ဒီပွဲစဉ်မှာ အီဘရာဟီမိုဗစ်၊ မီခီတာယန်၊ မာတီရယ်၊ ရွှန်နေး၊ စမောလင်း၊ ဒီဂီယာတို့လိုကစားသမားတွေနဲ့သာ လူစုံအသုံးပြုခဲ့မယ်ဆိုရင် မန်ယူရဲ့ခြေစွမ်းပိုင်းကလည်းခြေစမ်းပွဲတွေကထက် တိုးတက်ပြောင်းလဲလာနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဂါလာတာစာရေးနဲ့ပွဲမှာ လူစုံနီးပါးပွဲထွက်နိုင်တာနဲ့အမျှ ဂိုးပြတ်အနိုင်ရခဲ့တဲ့ မန်ယူရဲ့ စွမ်းဆောင်နိုင်အားကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။

လက်စတာကတော့ လက်ရှိအချိန်မှာ မန်ယူထက်ပိုမိုတည်ငြိမ်မှုရှိတဲ့အသင်းလို့ ဆိုနိုင်ပါတယ်။ လက်စတာဟာ လက်ရှိအချိန်မှာ ပြီးခဲ့တဲ့နှစ်မှာပရီမီယာလိဂ် ချန်ပီယံဆုရယူနိုင်ခဲ့တဲ့ အစုအဖွဲ့ထဲကနေ ကန်တီကို ဆုံးရှုံးထားခဲ့ရပေမယ့် မာရက်ဇ်၊ ဗာဒီ၊ မော်ဂန်၊ ဒရင့်ဝါတာတို့လို ကစားသမားတွေကိုဆက်လက်ထိန်းထားနိုင်တာကြောင့် ယမန်နှစ်ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့တဲ့ အစုအဖွဲ့အတိုင်းတည်ရှိနေတယ်လို့လည်း ဆိုနိုင်ပါ တယ်။ အထူးသဖြင့် လက်စတာဟာ ကန်တီတစ်ဦးတည်းကိုသာ ဆုံးရှုံးထားရပေမယ့်လည်း မန်ဒီ၊ မူဆာ၊ အူချီတို့လို ကစားသမားကောင်းတွေကိုထပ်မံခေါ်ယူထားခဲ့တာကြောင့် လက်စတာရဲ့အစုအဖွဲ့ကလည်း မနှစ်ကထက်တောင်ပိုမိုတောင့်တင်းနေပါတယ်။ လက်စတာအနေနဲ့ အသင်းအတွင်းမှာ အပြောင်းအလဲနည်းပါးတာကြောင့်လည်း အသင်းလိုက်ကစားပုံကအစ ကျဆင်းမသွားနိုင်သလို ရေနာရီအနေနဲ့လည်း ဒီကွန်မြူနတီဒိုင်းကို ရယူနိုင်ဖို့အားစိုက်လာမှာက သေချာနေပါတယ်။



ရေနာရီဟာလည်း မော်ရင်ညိုနည်းတူ စူပါဖလားပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်တတ်တဲ့ မန်နေဂျာတစ်ဦးဖြစ်သလို ဖီယိုရင်တီနာကိုကိုင်တွယ်ခဲ့တုန်းက အီတလီစူပါဖလားကိုအရယူနိုင်ခဲ့သလို ဗလန်စီယာကိုကိုင်တွယ်ခဲ့စဉ်တုန်းကလည်း ဥရောပစူပါဖလားကို အရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင်မော်ရင်ညိုနဲ့ ရေနာရီဟာသမိုင်းတစ်လျှောက်မှာ အရင်က ခြောက်ကြိမ်ဆုံခဲ့ဖူးပြီး မော်ရင်ညိုက နှစ်ကြိမ်အနိုင်ရသလို ရေနာရီကလည်း နှစ်ကြိမ်အနိုင်ရခဲ့ကာ နှစ်ကြိမ်သရေကျခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုနဲ့ရေနာရီဟာ တွေ့ ဆုံမှုမှာ ကွာဟမှုမရှိသလို စူပါဖလားပွဲတွေမှာလည်း အောင်ပွဲရယူနိုင်ခဲ့တာချင်းတူညီနေတာကြောင့် ဒီတစ်ကြိမ်ဆုံတွေ့မှုမှာ ဘယ်သူအသာရမလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပြီး လက်စတာဟာ အသင်းလိုက်ဟန်ချက်မပျက်ယွင်းဘူးဆိုပေမယ့်လည်း မန်ယူမှာပွဲကို အဆုံးအဖြတ်ပေးနိုင်တဲ့ကစားသမားတွေ ပိုမိုပါဝင်နေတာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ။

LEICESTER CITY | MANCHESTER UNITED

Date - 7 August 2016 ၊ Kick-off - 21:30
Venue - Wembley Stadium (London)



# နွေရာသီမှာ အဖြေရှာရမယ့် ဆောက်သမ်တန်အသင်းရဲ့ တိုက်စစ်ပုစ္ဆာ

အောင်က

ပြောင်းလဲမှုနဲ့အတူ ပရီမီယာလိဂ်ရာသီသစ်တစ်ကျော့ပြန်လာတော့မယ်။ ဒီနှစ်နွေရာသီဈေးကွက်မှာလည်း ဆောက်သမ်တန်အသင်းရဲ့ဈေးကွက်လှုပ်ရှားမှုတွေက အားရကျေနပ်စရာမကောင်းသေးတာလည်း အမှန်ပဲ။ ၂၀၁၂-၂၀၁၃ ရာသီကစပြီး ပရီမီယာလိဂ်ကို ပြန်လည်တန်းတက်လာခဲ့တဲ့ ဆောက်သမ်တန်ဟာ ပြီးခဲ့တဲ့ရာသီကအသင်းအတွက် အကောင်းဆုံး ပွဲကိုင်ပေးခဲ့တဲ့ မန်နေဂျာကိုးမန်းကလည်းအသင်းကို စွန့်ခွာသွားခဲ့ပြီ။ ဒါတင်မကဘူး။ ပြီးခဲ့တဲ့ရာသီကအသင်းကို ရလဒ်ကောင်းတွေရဖို့အတွက် တစ်ထောင့်တစ်နေရာမှာ ပါဝင်ခဲ့တဲ့မာနီ၊ ပယ်လီနဲ့ ဝမ်ယာမတို့လည်း အသင်းမှာ မရှိတော့ဘူး။ ဒါ့တွေကြောင့် ဒီနှစ်ရာသီမှာတော့ ဆောက်သမ်တန်အသင်းအနေနဲ့ အဆိုးရွားဆုံးတွေတောင် ကြုံတွေ့နိုင်တယ်လို့ ထင်ကြေးပေးပြောဆိုမှုတွေကလည်း ဒုနဲ့ဒေးရှိလာခဲ့တယ်။

ဒါပေမယ့် ဆောက်သမ်တန်အသင်းဟာ ထွက်ခွာသွားတဲ့ မန်နေဂျာ ရော်နယ်ကိုးမန်းရဲ့နေရာမှာ ပြင်သစ်ကလပ်အသင်းတွေကိုသာ ကိုင်တွယ်ခဲ့ဖူးတဲ့ မန်နေဂျာကလိုဒီပူးလ်ကို ခန့်အပ်ထားခဲ့တယ်။ ကလိုဒီပူးလ်အတွက်တော့ ပရီမီယာလိဂ်ဟာအစိမ်းသက်သက်လို့ဆိုရမယ်။ အဲ့ဒီအချက်ကြောင့်လည်း လူတိုင်းက ဆောက်သမ်တန်အသင်းကို အဆင့်တစ်ဆင့်မှာ ရပ်တည်နိုင်ဖို့အတွက် ကြိုးစားပေးနိုင်ခဲ့တဲ့ ပိုချက်တီနို၊ ကိုးမန်းတို့လို ကလိုဒီပူးလ် စွမ်းဆောင်နိုင်မလားလို့ သံသယရှိနေကြတယ်။ ဒါပေမယ့် ကလိုဒီပူးလ်ဆိုတာဟာ ပြီးခဲ့တဲ့ ရာသီကပြင်သစ်ကလပ်နိုက်စ်အသင်းကို ပြင်သစ်လိဂ်ဝမ်းရဲ့အဆင့် ၄ နေရာမှာ ရပ်တည်နိုင်ဖို့



အတွက် စွမ်းဆောင်ပေးထားနိုင်ခဲ့တာကတော့ လူတိုင်းက မမေ့သင့်တဲ့အချက်။အဲ့ဒီအချက်က သူ့ရဲ့အရည်အချင်းကို မီးမောင်းထိုးပြလိုက်ခြင်းလည်း ဖြစ်တယ်။ ဒါ့အပြင် နိုက်စ်အသင်းကို ပြင်သစ်လိဂ်ဝမ်းရဲ့ တတိယဂိုးသွင်း အများဆုံးအသင်းအဖြစ် ဦးဆောင်နိုင်ခဲ့တာကလည်း သူ့ရဲ့အရည်အချင်းလို့ ပြောရမယ်။ ဒါတင်မကဘူး။ ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းကနေ နိုက်အသင်းကို ပြောင်းရွှေ့လာခဲ့တဲ့ တောင်ပံကစားသမား ဘင်အာဖာကိုလည်း အသင်းမှအတောက်ပဆုံးဖြစ်အောင်ကိုင်တွယ်နိုင်ခဲ့တယ်။ ဘင်အာဖာဟာ ပြီးခဲ့တဲ့ရာသီက နိုက်စ်အသင်းမှာ ၁၇ဂိုးသွင်းယူပေးနိုင်တဲ့ အထိ ခြေစွမ်းပြနိုင်ခဲ့တယ်။ ဒါတွေအားလုံးဟာ နည်းပြကလိုဒီပူးလ်ရဲ့ အရည်အချင်းတွေဆိုတာကတော့ ဘယ်သူမှမငြင်းဆိုနိုင်ပါဘူး။

ဒါတွေကြောင့် ဆောက်သမ်တန်အသင်းက ကလိုဒီပူးလ်ကိုမန်နေဂျာသစ်အဖြစ် ခန့်အပ်ခြင်းဟာ အသင်း ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ချင်စရာဖြစ်နေစေခဲ့တယ်။ ဒါပေမယ့် လက်ရှိနွေရာသီဈေးကွက်မှာ ဆောက်သမ်တန်အသင်းအနေနဲ့ လုံလောက်တဲ့ အင်အားဖြည့်တင်းမှုတွေကို မလုပ်ဆောင်နိုင်ဘူးဆိုရင်တော့ ပြီးခဲ့တဲ့ရာသီက ရော်နယ်ကိုးမန်းစွမ်းဆောင်ပေးခဲ့တဲ့ အဆင့်မှာ ဆက်လက်ရပ်တည်နိုင်ဖို့ကတော့ ခဲယဉ်းမယ်လို့ဆိုရမယ်။ အခုဆိုရင်လည်း အသင်းမှာပြီးခဲ့တဲ့ရာသီက အကောင်းဆုံးစွမ်းဆောင်ခဲ့တဲ့ ပယ်လီ၊ မာနီတို့ မရှိတော့ဘူး။ သူ့ရဲ့နေရာမှာက အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ နော့ဝှစ်ချ်ကစားသမား ရက်မွန်ကို ခေါ်ယူထားခဲ့တယ်။ ပြီးခဲ့တဲ့ ရာသီက နော့ဝှစ်ချ်အသင်းမှာ ခြောက်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းမရှိသေးတဲ့ ရက်မွန်ကရော မာနီနေရာမှာအကောင်းဆုံးအစားဝင်နိုင်မလား။

ဒါကလည်း စဉ်းစားစရာကောင်းတဲ့အချက်။ ဒါပေမေယ့် လက်ရှိအချိန်မှာအသင်းအနေနဲ့ ရှိန်းလောင်းကို လေးနှစ်စာချုပ်ချုပ် ဆိုထားတယ်ဆိုတော့ အသင်းရဲ့တိုက်စစ်ပိုင်းအတွက် အဓိက အားကိုးမယ့် သဘောတော့ရှိနေတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီတွေကို ပြန်ကြည့်မယ်ဆိုရင်တော့ ရှိန်းလောင်းရဲ့ ခြေစွမ်းကလည်းအကောင်းဆုံးမရှိခဲ့ဘူး။ ပြီးခဲ့တဲ့ နှစ်ရာသီအတွင်းရှိန်းလောင်းရဲ့ အသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုးက ၁၅ ဂိုးသာရှိတယ်။ နောက်စဉ်းစားစရာ တစ်ချက်က မန်နေဂျာ ကလိုဒီပူးလ်အနေနဲ့ အသင်းရဲ့ တိုက်စစ်ပိုင်းအတွက်တော့ ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ ချာလီအော်စတင်တို့ကိုတော့ မျက်စိကျနိုင်တယ်။ ဒါပေမယ့် စဉ်းစားရမှာက သူတို့နှစ်ဦးစလုံးကလည်း ဒဏ်ရာပြဿနာ ရှန်းကန်နေရတယ်ဆိုတော့ ကြံ့ခိုင်မှုနဲ့ လျင်မြန်မှု အဓိကထားတဲ့ ပရီမီယာလိဂ်မှာ မာမာထန်ထန်နဲ့ ကစားနိုင်ဖို့က သိပ်မလွယ်လှဘူးလို့ဆိုရမယ်။



ဒါတွေကြောင့် ဆောက်သမ်တန်အသင်းရဲ့ လက်ရှိအခြေအနေတွေကတော့ အကောင်းဆုံး အခြေအနေမှာ ရှိမနေသေးတာတော့ သေချာတယ်။ မန်နေဂျာ ကလိုဒီပူးလ်အနေနဲ့ ကျန်ရှိနေတဲ့အပြောင်းအရွှေ့ဈေးကွက်အတွင်း လစ်ဟာသွားတဲ့အသင်းရဲ့ တိုက်စစ်ပိုင်းအတွက်တော့ အကောင်းဆုံးဖြည့်တင်းမှုတွေမဖြစ်မနေ လုပ်ဆောင်ရမယ်။ ဒါမှလည်း ပြီးခဲ့တဲ့ရာသီကလို ဆောက်သမ်တန်အသင်းအနေနဲ့ ရလဒ်ကောင်းတွေပိုင်ဆိုင်နိုင်ဖို့အတွက် မျှော်လင့်နိုင်မှာလည်း ဖြစ်ပါတယ်။

●

# စပိန်ကစားသမား ဇာဗီ နေရပ်စွန့်ခွာသူများကို ကူညီပေးသည့် အဖွဲ့အစည်းတစ်ခုထံသို့ ကိုယ်ပိုင်ရှက်လေ့ လှူဒါန်း



စပိန်ကွင်းလယ်ကစားသမား ဇာဗီသည် နေရပ်စွန့်ခွာလာသည့် ဒုက္ခသည်များကို ကူညီပေးနေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုထံသို့ သူ၏ ရှက်လေ့အား လှူဒါန်းခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကာတာကလပ် အယ်ဆက်အသင်းတွင် ပါဝင်ကစားနေသူ ဘာစီလိုနာကွင်းလယ်ကစားသမားဟောင်း ဇာဗီ (၃၆နှစ်)သည် နေရပ်စွန့်ခွာကာ မြေထဲပင်လယ်အား ဖြတ်ကူးလာသူများကို ကယ်ဆယ်ကူညီပေးနေသည့် Proactivia Open Arms (POA) အဖွဲ့နှင့် လက်တွဲလုပ်ဆောင်နေသူဖြစ်ပြီး အဆိုပါအဖွဲ့ထံသို့ သူ၏ ရှက်လေ့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဇာဗီလှူဒါန်းခဲ့သည့် ရှက်လေ့အား ပင်လယ်ပြင်အတွင်း ဒုက္ခရောက်နေသူများကို ကယ်ဆယ်ရာတွင် အသုံးပြုမည်မဟုတ်ဘဲ အဆိုပါရှက်လေ့ကို လေလံတင်ရောင်းချမည်ဖြစ်ပြီး ရရှိလာသည့် ငွေကြေးများကို Proactivia Open Arms (POA) အဖွဲ့၏ ကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးချသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ Proactivia Open Arms (POA) အဖွဲ့သည် ဂရိကျွန်းတစ်ကျွန်းဖြစ်သည့် Lesbos တွင် အခြေစိုက်သည့်အဖွဲ့ဖြစ်သည်။

"ဇာဗီက ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုရေးအတွက် ငွေကြေး ရရှိဖို့ သူ့ရဲ့ရှက်လေ့ကို လှူဒါန်းခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ် ဇာဗီ။ သူ့ရဲ့ဆုံးဖြတ်ချက်ဟာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပါလိမ့်မယ်"ဟု Proactivia Open Arms (POA) အဖွဲ့၏ Facebook စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်ပြီး စစ်ပွဲများဖြစ်ပွားနေသော အာဖရိကမြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ပြည်သူများသည် ဥရောပနိုင်ငံများ၌ လာရောက်ရန်အတွက် မြေထဲပင်လယ်ကို ဖြတ်ကူးစဉ်အတွင်း လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ကွင်းလယ်ကစားသမား ဇာဗီသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် အယ်ဆက်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

# အင်္ဂလန်မန်နေဂျာဟောင်း ရွိုင်ဟော့ဂ်ဆန်ကို ခေါ်ယူရန် တရုတ်စူပါလိဂ်ပြိုင်ပွဲ တာဝန်ရှိသူများ လိုလားနေ



တရုတ်စူပါလိဂ်ပြိုင်ပွဲ တာဝန်ရှိသူများက အင်္ဂလန်အသင်းမန်နေဂျာဟောင်း ရွိုင်ဟော့ဂ်ဆန်အား ခေါ်ယူရန် လိုလားလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂလန်လူမျိုး မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် အင်္ဂလန်အသင်းက အိုက်စလန်ကို အရေးနိမ့်ခဲ့ရပြီးနောက် အင်္ဂလန်မန်နေဂျာရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

၁၉၇၆ ခုနှစ်ကတည်းက နည်းပြ လောကသို့ ဝင်ရောက်ခဲ့သူ ရွိုင်ဟော့ဂ်ဆန် (၆၉နှစ်)သည် အင်တာမီလန်၊ ဘလက်ဘန်း၊ ကိုပင်ဟေဂင်၊ အူဒီးနီးစ်၊ ဖူလ်ဟမ်၊ လီဗာပူး၊ ဝက်စ်ဘရွန်းစသည့် ကလပ်များကို တာဝန်ယူခဲ့ဖူးသကဲ့သို့ ဆွစ်ဇာလန်၊ ယူအေအီး၊ ဖင်လန်နိုင်ငံ အသင်းများ၏ နည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်သည် အင်္ဂလန်အသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့စဉ်က တစ်နှစ်လုပ်ခငွေ ပေါင် ၃ ဒသမ၅ သန်းကျော် ရရှိခဲ့ပြီး တရုတ်စူပါလိဂ်ပြိုင်ပွဲ တာဝန်ရှိသူများက ရွိုင်ဟော့ဂ်ဆန်အား အဆိုပါ လုပ်ခငွေ၏ နှစ်ဆပေးချေကာ ခေါ်ယူသွားရန် လိုလားနေကြောင်း၊ မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်အနေဖြင့် အာရှဒေသသို့ ပြောင်းရွှေ့လာမည်ဆိုပါက တစ်နှစ်လုပ်ခငွေ ပေါင် ရှစ်သန်း ဝန်းကျင်ရရှိလိမ့်မည် ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်၏ နည်းပြဘဝအတွေ့အကြုံများသည် အလျင်အမြန်တိုးတက်လာနေသည့် တရုတ်စူပါလိဂ်ပြိုင်ပွဲ၏ အရည်အသွေးကို ပိုမိုတိုးတက်လာစေလိမ့်မည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားသည်။

# မန်ယူအရန်အသင်းတွင် လေ့ကျင့်ရန် ရှဝိန်းစတိုက်ဂါအား ညွှန်ကြားထား



မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုသည် ကွင်းလယ်ကစားသမား ရှဝိန်းစတိုက်ဂါအား မန်ယူအရန်အသင်းတွင် လေ့ကျင့်မှုပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

